# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ
# နှင့်
# ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ

ဥပဒေကို ၇- ၉-၂၀၁၅
နည်းဥပဒေများကို ၂၂-၁၀-၂၀၁၅ ရက်နေ့အထိ ပြင်ဆင်ထားသည့်အတိုင်းဖြစ်သည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၅၆/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ၂၂-၁၀-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်အညီ ပြင်ဆင် ထုတ်ဝေသည်။

၀၀၁၇၀/၂၀၂၅/လွှတ်တော်ပုံနှိပ်တိုက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်

# ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

၂၀၁၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက်

# ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အခန်း(၁) **အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်** | ၁ |
| ၂။ | အခန်း(၂) **လွှတ်တော်** | ၅ |
| | - ဖွဲ့စည်းခြင်း | ၅ |
| | - သက်တမ်း | ၅ |
| ၃။ | အခန်း(၃) **သဘာပတိ** | ၆ |
| ၄။ | အခန်း(၄) **လွှတ်တော်ကိုယ်စားလှယ်များ** | ၆ |
| | - ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း | ၆ |
| | - တာဝန်များ | ၇ |
| | - လုပ်ပိုင်ခွင့်များ | ၈ |
| | - ကျင့်ဝတ်နှင့် စည်းကမ်းများ | ၁၁ |
| | - ရပိုင်ခွင့်နှင့် အခွင့်အရေးများ | ၁၂ |
| | - ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း | ၁၄ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅။ | အခန်း(၅) | **လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း** | ၁၄ |
| ၆။ | အခန်း(၆) | **လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ** | ၁၅ |
| | | - ရွေးကောက်တင်မြှောက်ခြင်း | ၁၅ |
| | | - တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း | ၁၆ |
| | | - တာဝန်မှရပ်စဲခြင်း | ၁၆ |
| ၇။ | အခန်း(၇) | **လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း** | ၁၈ |
| ၈။ | အခန်း(၈) | **လွှတ်တော်အဖွဲ့အစည်းများဖွဲ့စည်းခြင်း** | ၁၉ |
| | | - ဖွဲ့စည်းခြင်း | ၁၉ |
| | | - ပူးပေါင်းကော်မတီများ | ၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


| | | |
| --- | --- | --- |
| | - အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း သတ်မှတ်ခြင်း | ၂၂ |
| | - ကော်မရှင်နှင့် အဖွဲ့များ | ၂၃ |
| ၉။ | အခန်း(၉) **လွှတ်တော်အစည်းအဝေးများ** | ၂၄ |
| | - ပုံမှန်အစည်းအဝေးများ | ၂၄ |
| | - အစည်းအဝေး နေ့ရက်၊ အချိန် သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း | ၂၅ |
| | - အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များ | ၂၇ |
| | - မဲခွဲဆုံးဖြတ်ခြင်း | ၂၈ |
| | - လွပ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးပိုင်ခွင့် | ၂၉ |
| | - ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များ၏ တင်ပြခွင့် | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အခန်း(၁၀) **နိုင်ငံတော်သမ္မတနှင့် လွှတ်တော် ဆက်သွယ်ရေး** | ၃၃ |
| ၁၁။ | အခန်း(၁၁) **အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်** | ၃၄ |
| ၁၂။ | အခန်း(၁၂) **တားမြစ်ချက်နှင့် ပြစ်ဒဏ်များ** | ၃၅ |
| ၁၃။ | အခန်း(၁၃) **အထွေထွေ** | ၃၉ |

# ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

# (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ပြီးသည် အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်း တစ်ရပ်အတွက် လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကိုဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ

ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၄၊ ၂၆၊ ၂၇ နှင့် ၃၂ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။

(ဇ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ *[ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း

---

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂ အရ ဖြည့်စွက်သည်။

အဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့်သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊]
ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆိုသည်။

**(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်သူ့လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။

***(ဋ) × × × × × × × × ×

(ဌ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသောရုံးကို ဆိုသည်။

---

** အထက်ပါဥပဒေ ပုဒ်မ ၃ အရ အစားထိုးသည်။

***အထက်ပါဥပဒေ ပုဒ်မ ၄ အရ ပယ်ဖျက်သည်။

## အခန်း (၂)
## လွှတ်တော်

### ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက် မပိုသော လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ။

### သက်တမ်း

၄။ လွှတ်တော်၏ သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

## အခန်း (၃)

## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် လွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ် များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ် ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၄)

## လွှတ်တော်ကိုယ်စားလှယ်များ

### ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေး တွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိ

ရွေးကောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရွေးကောက်၍ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

**တာဝန်များ**

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစား နိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည် ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## လုပ်ပိုင်ခွင့်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များ ရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်က တင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ လွှတ်တော်များသို့ အသိပေးခြင်း၊

*(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

## ကျင့်ဝတ်နှင့် စည်းကမ်းများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည်-

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ ပြုမူပြောဆို ဆက်ဆံနေထိုင်ခြင်း၊

---

* ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၅ အရ အစားထိုးသည်။

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) *[တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုသည့် အဖွဲ့အစည်းတစ်ခုခုက] သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

(ဃ) လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ် စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်း နှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း များနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်း ဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်

---

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၆ အရ အစားထိုးသည်။

စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံ ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံ ရယူခွင့်ရှိခြင်း။

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၃။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို *[ဥပဒေနှင့်အညီ] သုံးစွဲခွင့်ရှိသည်။

**အခန်း (၅)**

**လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း**

၁၄။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက် နိုင်သည့်ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်း ကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက်တင်ပြတောင်းခံရမည်။

---

* ၂၀၁၂ ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၇ အရ အစားထိုးသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၀ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာခြင်းခံရမည်။

## အခန်း (၆)

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

### ရွေးကောက်တင်မြှောက်ခြင်း

၁၅။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယ ဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက် တင်မြှောက်ရမည်။

၁၆။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

## တာဝန်ထမ်းဆောင်ခြင်း*[နှင့် နုတ်ထွက်ခြင်း]

**၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော် သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။

၁၈။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ မှအပ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေး ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန် ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ် သည်ဟု မှတ်ယူရမည်။

## တာဝန်မှရပ်စဲခြင်း

၂၀။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိလျှင်

---

* ၂၀၁၂ ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၈ အရအစားထိုးသည်။
**အထက်ပါဥပဒေ ပုဒ်မ ၉ အရ အစားထိုးသည်။

ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ လွှတ်တော်၏ ရုပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၂၁။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးစလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်သည်-

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

၂၂။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၁ ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ ရုပ်သိမ်းခြင်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

## အခန်း (၇)
## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၂၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်-

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၈)

## လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၂၄။ လွှတ်တော်သည် အောက်ပါလွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်-

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီ၊

(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ။

၂၅။ ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီတစ်ခုစီ၌ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်၍ လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်း မရှိစေရ။

၂၆။ လွှတ်တော်သည်-

(က) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကိုလည်းကောင်း လေ့လာ

တင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်း ရမည်။

(ခ) အဆိုပါ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၂၇။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေး တို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ် ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ် များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

## ပူးပေါင်းကော်မတီများ

၂၈။ လွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စ ပေါ်ပေါက်လျှင် လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌ အချင်းချင်းညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြ အတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိ ဖြစ်သည်။

၂၉။ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် ပုဒ်မ ၂၄ နှင့် ၂၆ တို့ပါ ကော်မတီများက ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန် ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်း ညှိနှိုင်း၍ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်

ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် ထိုကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန် ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ် အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌ အချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော် နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြ အတည်ပြုချက် ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်။

## အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း သတ်မှတ်ခြင်း

၃၀။ လွှတ်တော်သည် လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေး ရမည်။

၃၁။ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံ ရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## ကော်မရှင်နှင့် အဖွဲ့များ

၃၂။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

၃၃။ လွှတ်တော်သည် ပုဒ်မ ၃၂ ပါ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။

# အခန်း (၉)
# လွှတ်တော်အစည်းအဝေးများ

## ပုံမှန်အစည်းအဝေးများ

၃၄။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

၃၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၃၆။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက်မပိုစေရ။

၃၇။ လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမပုံမှန် အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

*၃၈။(က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်း အဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် များအား စိစစ်၍ အတည်ပြုရမည်။

**အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း**

၃၉။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်နှင့် အချိန်တွင် ကျင်းပရမည်။

၄၀။ လွှတ်တော်၏ အဆုံးအဖြတ် ရယူမည့် ကိစ္စရပ်များ၊ သဘော

---

* ၂၀၁၂ ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ၁၀အရအစားထိုးသည်။

တူညီချက် ရယူမည့်ကိစ္စရပ်များနှင့် အတည်ပြုချက် ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေး၌ ဆွေးနွေး ဆုံးဖြတ်ရမည်။

၄၁။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော် အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော် အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက် ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၄၂။ ပုဒ်မ ၄၁ အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထ မြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်

ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

**အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များ**

၄၃။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်-

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဆ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဇ) ဥက္ကဋ္ဌကခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

**မဲခွဲဆုံးဖြတ်ခြင်း**

၄၄။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၅။ ပုဒ်မ ၄၄ အရဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၆။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

## လွပ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၄၇။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ *[ဘာသာ သာသနာကို ပုတ်ခတ်ပြော ဆိုခြင်း]၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းစသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့နှင့်

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၁အရအစားထိုးသည်။

စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံ ဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ *[ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း]၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း

---

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၁အရအစားထိုးသည်။

စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ဝင်များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၉။ ပုဒ်မ ၄၇ နှင့် ၄၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

## ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တင်ပြခွင့်

၅၀။ *[ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -]

(က) လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

---

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၂အရအစားထိုးသည်။

(ခ) လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ၏ အစည်းအဝေးသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ဂ) လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းသည့် မိမိ အဖွဲ့အစည်းနှင့် သက်ဆိုင်သော မေးခွန်းများကို ပြန်လည်ဖြေကြားခွင့်ရှိသည့်အပြင် အဆိုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး အကြံပြုခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီများက လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းရန် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေ အနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ပြီးစီးခြင်း မရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။

(င) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေး တင်ပြရန် တိုက်ရိုက်ဖိတ်ကြားပါက လာရောက် ရှင်းလင်းဖြေကြားရမည်။

**အခန်း (၁၀)**

**နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဆက်သွယ်ရေး**

၅၁။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည် များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၅၂။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန် ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်း ကြားနိုင်သည်-

(က) လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြု ပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း။

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

## အခန်း (၁၁)

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၅၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော် သက်တမ်း ကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ မိမိအားပေးအပ်ထားသော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာ ရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်း မရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့ များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၁၂)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၅။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ မဝင်ရ။

(ခ) လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ဖြစ်စေ၊ သူတစ်ပါးအယောင်ဆောင်၍ဖြစ်စေ ဝင်ရောက်ခြင်း မပြုရ။

(ဂ) လွှတ်တော်အစည်းအဝေး ကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန် အပ၌ဖြစ်စေ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်

မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ညဥ့်အိပ်ညဥ့်နေမပြုရ။

၅၆။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သတ်မှတ်ထားသော လွှတ်တော် ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်က ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားရန်အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထား များကို တင်ပြခြင်းမပြုရ။

(စ) လျှို့ဝှက်စွာထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော် ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက် ယူဆောင်လာခြင်း မပြုရ။

၅၇။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၅၅ နှင့် ပုဒ်မ ၅၆ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၅၅ နှင့် ၅၆ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၅၈။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ) တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းဖြင့် အရေးယူနိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးများကို တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၅၉။ ဤအခန်းပါ ပုဒ်မ ၅၅ နှင့် ပုဒ်မ ၅၆ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၃)

## အထွေထွေ

၆၀။ ဤဥပဒေနှင့် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၆၁။ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်သို့ ခွဲဝေသတ်မှတ်ပေးသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆောင်ရွက်ရမည်။

၆၂။ ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို *[လွှတ်တော်ရုံး] က တာဝန်ယူဆောင်ရွက်ရမည်။

၆၄။ လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၆၅။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်။

၆၆။ လွှတ်တော်သည် *[လွှတ်တော်ရုံး] နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရမည်။

၆၇။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊

---

* ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၃အရအစားထိုးသည်။

စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၆၈။ လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူများ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

၆၉။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်လုပ်ငန်းဆိုင်ရာများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်း တည်ထောင်နိုင်သည်။

၇၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် - ၁၂/၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

* ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

*နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုသော ဥပဒေဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်

# ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

# ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) **အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** | ၁ |
| ၂။ | အခန်း(၂) **လွှတ်တော်အစည်းအဝေးများ ခေါ်ယူခြင်း** | ၃ |
| | - အစည်းအဝေးများ | ၃ |
| | - အစည်းအဝေးအစီအစဉ် | ၄ |
| ၃။ | အခန်း(၃) **လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း** | ၄ |
| ၄။ | အခန်း(၄) **သဘာပတိ** | ၅ |
| | - သဘာပတိတင်မြှောက်ခြင်း | ၅ |
| ၅။ | အခန်း(၅) **ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ** | ၁၁ |
| | - ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း | ၁၁ |
| | - ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း | ၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | - ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုခြင်းနှင့် တာဝန်လွှဲအပ်ခြင်း | ၁၆ |
| | - အခြားတာဝန်ပေးအပ်ခံရခြင်း | ၁၆ |
| | - ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၇ |
| ၆။ | အခန်း(၆) **လွှတ်တော်အစည်းအဝေးများ** | ၂၅ |
| | - အစည်းအဝေးနေ့ရက်နှင့် အချိန်သတ်မှတ်ခြင်း | ၂၅ |
| | - အစည်းအဝေးအထမြောက်ခြင်း | ၂၅ |
| | -ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း | ၂၈ |
| | - ဆန္ဒမဲဖြင့်ဆုံးဖြတ်ခြင်း | ၂၈ |
| | -တံခါးပိတ်အစည်းအဝေး ကျင်းပခြင်း | ၂၉ |
| | - အစည်းအဝေးမှတ်တမ်းနှင့် ဆုံးဖြတ်ချက်များ | ၂၉ |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


- အစည်းအဝေးတွင် လိုက်နာရန် စည်းကမ်းနှင့် အရေးယူရန် နည်းလမ်းများ ၃၀
- ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း ၃၄

၇။ အခန်း(၇) **လွှတ်တော်ကော်မတီများ** ၃၈

- ဖွဲ့စည်းခြင်း ၃၈
- ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ၃၉
- ဆက်သွယ်ဆောင်ရွက်ခြင်း ၄၀
- ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် အရေးယူခြင်း ၄၀
- ဥက္ကဋ္ဌက ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း ၄၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | အခန်း(၈) **ဥပဒေကြမ်းကော်မတီ** | ၄၂ |
| | - ဖွဲ့စည်းခြင်း | ၄၂ |
| | - ကော်မတီအစည်းအဝေးများ | ၄၃ |
| | - ကော်မတီ၏တာဝန်များ | ၄၃ |
| | - ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၄၆ |
| | - ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း | ၄၈ |
| ၉။ | အခန်း(၉) **ပြည်သူ့ငွေစာရင်းကော်မတီ** | ၅၀ |
| | - ဖွဲ့စည်းခြင်း | ၅၀ |
| | - ကော်မတီအစည်းအဝေးများ | ၅၀ |
| | - ကော်မတီ၏တာဝန်များ | ၅၀ |
| | - ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၅၅ |
| | - ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း | ၅၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အခန်း(၁၀) **လွှတ်တော်အခွင့်အရေးကော်မတီ** | ၅၈ |
| | - ဖွဲ့စည်းခြင်း | ၅၈ |
| | - ကော်မတီအစည်းအဝေးများ | ၅၈ |
| | - လွှတ်တော်အခွင့်အရေးကိစ္စ တင်ပြခွင့်နှင့် တင်ပြရာတွင် လိုက်နာရမည့်နည်းလမ်းများ | ၅၉ |
| | - ကော်မတီ၏တာဝန်များ | ၆၂ |
| | - ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၆၄ |
| | - ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း | ၆၆ |
| ၁၁။ | အခန်း(၁၁) **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ** | ၆၉ |
| | - ဖွဲ့စည်းခြင်း | ၆၉ |
| | - ကော်မတီအစည်းအဝေးများ | ၆၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | - ကော်မတီ၏တာဝန်များ | ၇၀ |
| | - ကော်မတီ၏လုပ်ပိုင်ခွင့်များ | ၇၁ |
| | - ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း | ၇၂ |
| ၁၂။ | အခန်း(၁၂) **အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ** | ၇၄ |
| | - ပြည်ထောင်စုလွှတ်တော်အတွက် ပူးပေါင်းကော်မတီများ | ၇၄ |
| | - အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန် ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီများ | ၇၅ |
| | - ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ | ၇၇ |
| | - အခြားကော်မတီများ | ၇၇ |
| | - ကော်မရှင်နှင့် အဖွဲ့များ | ၇၈ |
| | - ဆက်သွယ်ဆောင်ရွက်ခြင်း | ၇၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | အခန်း(၁၃) **လွှတ်တော် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း** | ၈၀ |
| | - နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း | ၈၀ |
| | - အစားထိုးတာဝန်ပေးအပ်ခြင်း | ၈၀ |
| ၁၄။ | အခန်း(၁၄) **လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း** | ၈၁ |
| | - ရပ်စဲခြင်း | ၈၁ |
| | - လစ်လပ်ကြောင်းကြေညာခြင်း | ၈၂ |
| ၁၅။ | အခန်း(၁၅) **ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းခြင်းနှင့် အစားထိုး ရွေးကောက်တင်မြှောက်ခြင်း** | ၈၂ |
| | - တာဝန်မှရုပ်သိမ်းရန် အဆိုလွှာတင်သွင်းခြင်း | ၈၂ |
| | - ဥက္ကဋ္ဌအား အစည်းအဝေး ကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း | ၈၃ |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဥ်း၍ ဆောင်ရွက်ခြင်း | ၈၆ |
| | - စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်နှင့်စပ်လျဥ်း၍ ဆောင်ရွက်ခြင်း | ၈၇ |
| | - ဆုံးဖြတ်ချက်ကို ကြေညာခြင်း | ၈၈ |
| | - ဒုတိယဥက္ကဋ္ဌအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန်ဆောင်ရွက်ခြင်း | ၉၀ |
| | - ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း | ၉၁ |
| | - ဥက္ကဋ္ဌအား အစည်းအဝေးကာလမဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း | ၉၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဒုတိယဥက္ကဋ္ဌအား အစည်းအဝေး ကာလမဟုတ်သည့်အခါတွင်တာဝန် မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း | ၉၉ |
| | - ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား အစည်းအဝေးကာလ မဟုတ်သည့် အခါတွင် တာဝန်မှ ရုပ်သိမ်းရန် ဆောင်ရွက်ခြင်း | ၁၀၀ |
| | - အစားထိုးရွေးကောက်တင်မြှောက်ခြင်း | ၁၀၁ |
| ၁၆။ | အခန်း(၁၆) **လွှတ်တော်သို့ တင်သွင်းသည့် မေးခွန်းများ** | ၁၀၂ |
| | - မေးခွန်းပေးပို့ခြင်း | ၁၀၂ |
| | - မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ | ၁၀၃ |
| | - မေးခွန်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ | ၁၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- မေးခွန်းများ မေးခွင့်မပြုခြင်း ၁၀၆
- နှုတ်ဖြင့် ဖြေဆိုရမည့် မေးခွန်းများ ၁၀၇
- မေးခွန်းများကို ဖြေကြားခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း ၁၀၉
- မေးခွန်း၏ အဖြေမှ ပေါ်ပေါက်လာသည့် အများပြည်သူတို့အတွက် အရေးကြီးသောကိစ္စ ဆွေးနွေးခြင်း ၁၁၁
- ဆွေးနွေးရန်နှင့် ဖြေကြားရန် နည်းလမ်း ၁၁၂

၁၇။ အခန်း(၁၇) **လွှတ်တော်သို့ တင်သွင်းသည့် အဆိုများ** ၁၁၃

- အဆိုပေးပို့ခြင်း ၁၁၃
- အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ ၁၁၄
- အဆိုနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ ၁၁၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - အဆိုများတင်သွင်းခွင့်မပြုခြင်း | ၁၁၆ |
| | - လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းနိုင်ခြင်း | ၁၁၇ |
| | - ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ဆောင်ရွက်ခြင်း | ၁၁၇ |
| | - အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း | ၁၁၈ |
| | - စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အဆိုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း | ၁၂၀ |
| | - အဆိုတင်သွင်းခြင်း | ၁၂၂ |
| | - အဆိုတင်သွင်းရန်အစီအစဉ် | ၁၂၅ |
| | - အဆိုကိုဆွေးနွေးခြင်း | ၁၂၅ |
| | - အဆိုကိုရုပ်သိမ်းခြင်း | ၁၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း | ၁၂၇ |
| | - ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း | ၁၂၈ |
| | - ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းခြင်း | ၁၃၀ |
| | - ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ဆောင်ရွက်ခြင်း | ၁၃၁ |
| ၁၈။ | အခန်း(၁၈) **လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်းများ** | ၁၃၁ |
| | - ဥပဒေကြမ်းပေးပို့ခြင်း | ၁၃၁ |
| | - ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်ဆောင်ရွက်ခြင်း | ၁၃၃ |
| | - ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း | ၁၃၄ |
| | - ဥပဒေကြမ်းတင်သွင်းခြင်း | ၁၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ဥပဒေကြမ်းကို ဆွေးနွေးခြင်း | ၁၃၆ |
| | - အမျိုးသားလွှတ်တော်သို့ ပေးပို့ခြင်း | ၁၄၀ |
| | - အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ ပြန်လည်ပေးပို့သော ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း | ၁၄၁ |
| | - အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့သော ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း | ၁၄၂ |
| | - အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များကို သဘောတူခြင်း | ၁၄၃ |
| | - အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များကို သဘောမတူခြင်း | ၁၄၄ |

| စဥ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|


| | | - အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း | ၁၄၅ |
| ၁၉။ | အခန်း(၁၉) | **အမျိုးသားလွှတ်တော်သို့ စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်း** | ၁၄၆ |
| | | - အမျိုးသားလွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း | ၁၄၆ |
| ၂၀။ | အခန်း(၂၀) | **နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လွှတ်တော်သို့ တင်ပြခြင်း** | ၁၄၉ |
| ၂၁။ | အခန်း(၂၁) | **နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဆက်သွယ်ရေး** | ၁၅၀ |
| | | - နိုင်ငံတော်သမ္မတက လွှတ်တော်နှင့် ဆက်သွယ်ခြင်း | ၁၅၀ |
| | | - လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဆက်သွယ်ခြင်း | ၁၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၂။ | အခန်း(၂၂) **အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်** | ၁၅၁ |
| ၂၃။ | အခန်း(၂၃) **ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲခြင်း** | ၁၅၂ |
| ၂၄။ | အခန်း(၂၄) **အထွေထွေ** | ၁၅၃ |
| ၂၅။ | **နောက်ဆက်တွဲ (က) မှ (ဃ) ထိ** | |
| ၂၆။ | **ပုံစံ (၁) မှ (၆) ထိ** | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃

## ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇၀ အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် လွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လွှတ်တော်ဆိုင်ရာဥပဒေ** ဆိုသည်မှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) **နည်းဥပဒေ** ဆိုသည်မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေကို ဆိုသည်။

(ဂ) **ကြီးကြပ်သူအရာရှိ** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတွင် ဆန္ဒမဲပေးသည့်ကိစ္စအလို့ငှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးသော ပြည်သူ့လွှတ်တော်ရုံးမှ *[ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သော] အရာထမ်းကို ဆိုသည်။

(ဃ) **အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ထောက်ခံဆန္ဒမဲပေးသူ၊ ကန့်ကွက်ဆန္ဒမဲပေးသူ၊ ကြားနေဆန္ဒမဲပေးသူနှင့် ဆန္ဒမဲမပေးသူအားလုံးကို ဆိုသည်။

(င) **အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂ အရ ဖြည့်စွက်သည်။

ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက် တင်မြှောက်ကြောင်း သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းသူဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ဇ)နှင့် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၃)၊ (၄) တို့အရ အစည်း အဝေးတက်ရောက်ခွင့် ယာယီရပ်သိမ်းထားခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်စေရ။

## အခန်း (၂)

## လွှတ်တော်အစည်းအဝေးများ ခေါ်ယူခြင်း

**အစည်းအဝေးများ**

၃။ (က) ဥက္ကဋ္ဌသည်-

(၁) လွှတ်တော်အစည်းအဝေးများကို ခေါ်ယူ ကျင်းပရမည်။

(၂) လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခေါ်ယူကျင်းပသော လွှတ်တော်အစည်းအဝေးများကို အစည်းအဝေးမစတင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

**အစည်းအဝေးအစီအစဉ်**

၄။ ပြည်သူ့လွှတ်တော်ရုံးသည် အစည်းအဝေး နေ့စဉ်အစီအစဉ်များကိုပြုစု၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

## အခန်း (၃)

## လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း

၅။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက်တင်မြှောက်ကြောင်း သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ

အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းသူဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိအမှတ်ပြုခံရသူဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် စိစစ်အတည်ပြုခံရသူဖြစ်ခြင်း၊

(ဂ) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးပါက သဘာပတိ၏ ရှေ့မှောက်၌လည်းကောင်း၊ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးပါက ဥက္ကဋ္ဌ၏ ရှေ့မှောက်၌လည်းကောင်း နောက်ဆက်တွဲ (က) ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးသူဖြစ်ခြင်း။

## အခန်း (၄)

## သဘာပတိ

### သဘာပတိတင်မြှောက်ခြင်း

၆။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ

အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

၇။ သဘာပတိတင်မြှောက်နိုင်ရေးအတွက် သဘာပတိလောင်းအမည်စာရင်း တင်သွင်းခြင်းကို ဆောင်ရွက်ရာတွင်-

(က) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

(ခ) သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၁) ကို ထုတ်ယူရန် ပုံစံ (၂) တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။

(ဂ) အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလိုသူသည် သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရမည်။

(ဃ) အမည်စာရင်း တင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပေးအပ်ရမည်။

(င) အခမ်းအနားမှူးသည် အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ သဘာပတိလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ (၃) ဖြင့် ကြေညာရမည်။

(စ) သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိလျှင် ယင်းအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၈။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင်-

(က) သဘာပတိ တင်မြှောက်ရန် နောက်ဆက်တွဲ(ဂ)ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ကြီးကြပ်သူအရာရှိသည် -

(၁) အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲ အရေအတွက်ကို သဘာပတိလောင်း တစ်ဦးချင်း အလိုက် ပုံစံ(၄)ဖြင့် ပြုစုရမည်။

(၂) သဘာပတိလောင်းတစ်ဦးချင်းအား ဆန္ဒပြု ထားသော ဆန္ဒမဲအရေအတွက်ကို အစည်း အဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေနှင့် ကိုက်ညီမှု ရှိ-မရှိ တိုက်ဆိုင်စိစစ်ရမည်။ ထိုသို့ စိစစ်ရာတွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်းသောဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။

(၃) နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)အရ တိုက်ဆိုင်စိစစ်ရာတွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေထက် ဆန္ဒမဲ အရေအတွက်က ပိုနေသည်ကို တွေ့ရှိလျှင် အခမ်းအနားမှူးထံ ချက်ချင်းတင်ပြရမည်။ ထိုတင်ပြချက်ကိုရရှိလျှင် အခမ်းအနားမှူးသည် ဆန္ဒမဲကိုက်ညီမှုမရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့

ကြေညာပြီး နည်းဥပဒေခွဲ (က) နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၄) နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၂) အရ တိုက်ဆိုင်စိစစ်ရာတွင် ကိုက်ညီမှုရှိပါက သဘာပတိလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ပုံစံ (၅) ဖြင့် ပြုစုရမည်။

(ဂ) အခမ်းအနားမှူးသည် ပုံစံ(၅)အရ သဘာပတိလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကို သဘာပတိအဖြစ် တင်မြှောက်ကြောင်းကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

(ဃ) ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ရရှိသည့်ထောက်ခံဆန္ဒမဲနည်းသူများကိုပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေခွဲ(က)နှင့်အညီ အခမ်းအနားမှူးက ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။

(င) ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် နည်းဥပဒေခွဲ (ဃ) နှင့်အညီ လိုက်နာဆောင်ရွက်၍ ဆန္ဒမဲပေးပွဲကို နည်းဥပဒေခွဲ (က) နှင့်အညီ အခမ်းအနားမှူးက တတိယအကြိမ် ထပ်မံကျင်းပရမည်။ တတိယအကြိမ်ပြုလုပ်သည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် အခမ်းအနားမှူးသည် မဲနှိုက်ပြီး မဲကျသူအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၉။ သဘာပတိ ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍-

(က) သဘာပတိသည် သဘာပတိတာဝန် မထမ်းဆောင်မီ လွှတ်တော်၏ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း နောက်ဆက်တွဲ (က) ပါအတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ ကတိသစ္စာပြု လက်မှတ်ရေးထိုးနိုင်ရေးအတွက် အခမ်းအနားမှူးက ဆောင်ရွက်ပေးရမည်။

## အခန်း (၅)

## ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

**ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၁၀။ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် -

(က) ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာပုံစံ (၁) ကို ထုတ်ယူရန် ပုံစံ (၂) တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။

(ခ) အမည်စာရင်း တင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့်အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ တင်သွင်းရမည်။

(ဂ) အမည်စာရင်း တင်သွင်းသူက မိမိအမည်စာရင်းတင်သွင်းလိုသူသည် ဥက္ကဋ္ဌအဖြစ် ရွေးကောက်

တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရမည်။

(ဃ) အမည်စာရင်း တင်သွင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးပွဲမကျင်းပမီ ဥက္ကဋ္ဌလောင်းအဖြစ်မှ နုတ်ထွက်နိုင်သည်။

(င) သဘာပတိသည် အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ (၃) ဖြင့် ကြေညာရမည်။

၁၁။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိလျှင် ယင်းအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

၁၂။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် -

(က) ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် နောက်ဆက်တွဲ (ဂ) ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ကြီးကြပ်သူအရာရှိသည် -

(၁) အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်ကို ဥက္ကဋ္ဌလောင်း တစ်ဦးချင်းအလိုက် ပုံစံ (၄) ဖြင့် ပြုစုရမည်။

(၂) ဥက္ကဋ္ဌလောင်းတစ်ဦးချင်းအား ဆန္ဒပြုထားသော ဆန္ဒမဲအရေအတွက်ကို အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေနှင့် ကိုက်ညီမှု ရှိ-မရှိ တိုက်ဆိုင်စိစစ်ရမည်။ ထိုသို့ စိစစ်ရာတွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်းသောဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။

(၃) နည်းဥပဒေခွဲငယ် (၂) အရ တိုက်ဆိုင်စိစစ်ရာတွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေထက် ဆန္ဒမဲအရေအတွက်က ပိုနေသည်ကို တွေ့ရှိလျှင် သဘာပတိထံ ချက်ချင်းတင်ပြရမည်။ ထိုတင်ပြချက်ကို ရရှိလျှင် သဘာပတိ

သည် ဆန္ဒမဲကိုက်ညီမှုမရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာပြီး နည်းဥပဒေခွဲ (က) နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၄) နည်းဥပဒေခွဲငယ် (၂) အရ တိုက်ဆိုင်စိစစ်ရာတွင် ကိုက်ညီမှုရှိပါက ဥက္ကဋ္ဌလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ (၅) ဖြင့် ပြုစုရမည်။

(ဂ) သဘာပတိသည် ဥက္ကဋ္ဌလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းအရ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာရမည်။

(ဃ) ဥက္ကဋ္ဌရွေးကောက်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ။ ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍တူညီနေလျှင် ရရှိသည့် ထောက်ခံဆန္ဒမဲနည်းသူများ

ကိုပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေခွဲ(က)နှင့်အညီ သဘာပတိက ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။

(င) ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တရပ်နားရမည်။

(စ) ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ ဆန္ဒမဲပေးပွဲကို နည်းဥပဒေခွဲ (ဃ) နှင့်အညီ လိုက်နာဆောင်ရွက်၍ သဘာပတိက ဥက္ကဋ္ဌရွေးကောက်တင်မြှောက် ရရှိသည် အထိ ဆက်လက်ကျင်းပပေးရမည်။

(ဆ) နည်းဥပဒေခွဲ (ဃ)၊ (င) နှင့် (စ) တို့နှင့်အညီ ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

**ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၁၃။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် -

(က) နည်းဥပဒေ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များနှင့် အညီ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပုံစံ (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅)တို့ကို အသုံးပြုရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုခြင်းနှင့် တာဝန်လွှဲအပ်ခြင်း**

၁၄။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် နောက်ဆက်တွဲ (ခ) ပါအတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမည်။

၁၅။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးနောက် သဘာပတိသည် လွှတ်တော်ရှေ့မှောက်တွင် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပေးရမည်။

**အခြားတာဝန်ပေးအပ်ခံရခြင်း**

၁၆။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၇။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ နည်းဥပဒေ ၁၆ နှင့် ၁၇ တို့အရ တာဝန်ပေးအပ်ခြင်းခံရသဖြင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်ပါက နည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၉။ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သောအမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာ အပြည့်အဝကျင့်သုံးခွင့်ရှိခြင်း၊

(ခ) နိုင်ငံတော်သမ္မတက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်း

ကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခြင်း၊

(ဃ) လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်း၊

(င) လွှတ်တော်အစည်းအဝေးများကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိပါက သတိပေးတားမြစ်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြလာလျှင်

အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံး အဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဇ) လွှတ်တော်ပရဝဏ်အတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ အပြုအမူနှင့် အပြောအဆိုသည် အလွန် မဖွယ်မရာဖြစ်ကြောင်းတွေ့ရှိပါက ယင်းလွှတ်တော် ကိုယ်စားလှယ်အား လွှတ်တော်ပရဝဏ်အတွင်းမှ ချက်ချင်း ထွက်ခွာသွားရန်နှင့် ထိုနေ့ အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုရန် ညွှန်ကြားနိုင်ခြင်း၊ လွှတ်တော် အစည်းအဝေး ကာလတစ်ခုအတွင်း ဒုတိယအကြိမ် ညွှန်ကြားခြင်းခံရလျှင်မူ အစည်းအဝေး၏ ကျန်ရှိသော ရက်များထက် မပိုသော ကာလအပိုင်းအခြား၌ ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော် အစည်းအဝေးများသို့လည်းကောင်း၊ လွှတ်တော်ကော်မတီ အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခြင်း မပြုရန် ညွှန်ကြားနိုင်ခြင်း၊ ထို့ပြင် ယင်းသို့ ညွှန်ကြားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်ပရဝဏ်အတွင်းသို့ မလာရောက်စေရန်လည်း ညွှန်ကြားနိုင်ခြင်း၊

(ဈ) လွှတ်တော်အတွင်းတွင် ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသော အခြေအနေ ပေါ်ပေါက်လာလျှင် လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်များသည် လွှတ်တော်အစည်းအဝေး အစီအစဉ်နှင့် သက်ဆိုင်ကိုက်ညီခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သတ်မှတ်ခွင့်ပြုထားသော ဆွေးနွေးနိုင်သည့် အချိန်ထက်ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မတ်ခြင်း၊

(ဌ) လွှတ်တော်တွင် ဆွေးနွေးဆဲအကြောင်းအရာတစ်ရပ်ကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဍ) လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ်

ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဎ) လွှတ်တော်အစည်းအဝေးကို လိုအပ်လျှင် ခေတ္တရပ်နားခြင်း၊

(ဏ) လွှတ်တော်က ဆုံးဖြတ်ရန် လိုအပ်သောကိစ္စကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်း၍ အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံလျှင် ယင်းအဆိုသည် လွှတ်တော်၏ အဆုံးအဖြတ်လိုအပ်သောအဆို ဟုတ် မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူခြင်း၊

(တ) လွှတ်တော်တွင် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါနည်းလမ်းများအနက် မည်သည့်နည်းလမ်းဖြင့် ဆန္ဒပြုရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း-

(၁) စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်း၊

(၂) ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့် နည်းလမ်း၊

(၃) မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း၊

(ထ) လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေး သို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်စေခြင်း၊

(ဒ) လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပေးခြင်းမပြုရဘဲ ထောက်ခံ ဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီ နေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးခြင်း၊

(ဓ) ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စဉ်းစား ဆွေးနွေးရန် ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော် လျှို့ဝှက်ချက်ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန်ရှိလျှင် သော်လည်းကောင်း လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပရန် ကြေညာခြင်း၊

(န) လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ပ) နည်းဥပဒေ ၄၉၊ နည်းဥပဒေခွဲ(က)အရ ကော်မတီဝင်အဖြစ်မှ ရပ်စဲသွားသော လွှတ်တော်ကိုယ်စားလှယ်အား အရေးယူရန်နှင့်စပ်လျဉ်း၍ ယင်းကိုယ်စားလှယ်အား သတိပေးခြင်း သို့မဟုတ် ပြစ်တင်ရှုတ်ချခြင်း ပြုနိုင်ရန် လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်း၊

(ဖ) ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော်လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်း၊

(ဗ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်

ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၂၀။ ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း၊

(ခ) လွှတ်တော်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊

(ဂ) ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိသည့်အခါ ယင်း၏တာဝန်ကို ယာယီထမ်းဆောင်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## လွှတ်တော်အစည်းအဝေးများ

### အစည်းအဝေးနေ့ရက်နှင့် အချိန်သတ်မှတ်ခြင်း

၂၁။ လွှတ်တော်အစည်းအဝေးများကို သာမန်အားဖြင့် စနေနေ့၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များတွင် အကြောင်းထူးမရှိလျှင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၄ နာရီအထိ ကျင်းပရမည်။

၂၂။ လွှတ်တော်အစည်းအဝေးကို ရုံးပိတ်ရက်များအပါအဝင် တစ်ဆက်တစ်စပ်တည်း ကျင်းပရန် လိုအပ်လျှင်လည်းကောင်း၊ သတ်မှတ်ချိန်ထက်ကျော်လွန်၍ ကျင်းပရန် လိုအပ်လျှင်လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ ဆောင်ရွက်နိုင်သည်။

### အစည်းအဝေးအထမြောက်ခြင်း

၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပသောနေ့ရက်များတွင် အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်စာအုပ်တွင် လက်မှတ်ရေးထိုးရမည်။

၂၄။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေး တစ်ရပ်ရပ်၏ ပထမနေ့ရက်တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် အစည်း

အဝေးအထမြောက်သည်။ အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၂၅။ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်ကြောင်း သိရှိသည့်အခါ ဥက္ကဋ္ဌသည် ခေါင်းလောင်းကိုတစ်မိနစ်တီး၍ အချက်ပေးရမည်။ ယင်းသို့ အချက်ပေးခေါင်းလောင်း တီးပြီးနောက် ငါးမိနစ်အတွင်း အစည်းအဝေးအထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်သေးလျှင် အစည်းအဝေးကို ထိုနေ့တွင်ပင် အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ရက်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

*၂၆။ သဘာပတိ၊ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးကျင်းပသည့် နေ့ရက်တိုင်းတွင် နည်းဥပဒေ ၂၄ နှင့် ၂၅ တို့အရ အစည်းအဝေး အထမြောက်ခြင်း ရှိ မရှိကို လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးပါက လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအားလည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးပါက လွှတ်တော်အခွင့်အရေးကော်မတီအားလည်းကောင်း စိစစ်စေရမည်။

၂၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးမီ ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် သဘာပတိက အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာရမည်။

၂၈။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးနောက် ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

---

* ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ နည်းဥပဒေ ၃ အရ အစားထိုးသည်။

## ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း

၂၉။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင် ဆွေးနွေးခွင့်ရှိသည်။

၃၀။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တစ်ကြိမ်လျှင် အများဆုံး *[၁၅ မိနစ်]အထိသာ ဆွေးနွေးရမည်။ သို့ရာတွင် လွှတ်တော်၏ လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါက ဥက္ကဋ္ဌသည် ယင်းလွှတ်တော်ကိုယ်စားလှယ်အား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြဆွေးနွေးခွင့်ပြုနိုင်သည်။

## ဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်း

၃၁။ လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၄ အရအစားထိုးသည်။

၃၂။ နည်းဥပဒေ ၃၁ အရ မဲခွဲဆုံးဖြတ်ရာ၌ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

**တံခါးပိတ်အစည်းအဝေး ကျင်းပခြင်း**

၃၃။ ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကိုလည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကိုလည်းကောင်း ဆွေးနွေး စဉ်းစားရန်လိုအပ်ပါက ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်အရ လွှတ်တော် အစည်းအဝေးများကို တံခါးပိတ်ကျင်းပရမည်။

၃၄။ နည်းဥပဒေ ၃၃ အရ ကျင်းပသည့် တံခါးပိတ်အစည်း အဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအပြင် ဥက္ကဋ္ဌက တက်ရောက်စေလိုသည့် ပုဂ္ဂိုလ်များနှင့် သတ်မှတ်ပေးထားသည့် တာဝန်ထမ်းဆောင်ရန် လိုအပ်သူများသာ လွှတ်တော်အစည်းအဝေး ခန်းမတွင် ရှိစေရမည်။

**အစည်းအဝေးမှတ်တမ်းနှင့် ဆုံးဖြတ်ချက်များ**

၃၅။ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြား၍ တက်ရောက်သောပုဂ္ဂိုလ်များသည် လွှတ်တော် အစည်းအဝေးတွင် မိမိဆွေးနွေးခဲ့သည့် စကားရပ်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှတ်တမ်းတင်

ထားသည်ကို တွေ့ရှိလျှင် လွှတ်တော်ရုံးသို့ စာဖြင့် ပြင်ဆင်ချက်ပေးပို့နိုင်သည်။

၃၆။ နည်းဥပဒေ ၃၅ အရ ပြင်ဆင်ချက်ပေးပို့ရာတွင် မိမိအမှန်တကယ်ပြောဆိုခဲ့သော စကားရပ်ကိုမူ ပြင်ဆင်ခွင့်မရှိစေရ။

၃၇။ လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၃၈။ လွှတ်တော်အစည်းအဝေးကချမှတ်သည့် ဆုံးဖြတ်ချက်များကို လွှတ်တော်ရုံးက မှတ်တမ်းပြုစု၍ အစည်းအဝေးပြီးဆုံးသည့် နေ့မှ သုံးရက်အတွင်း ဥက္ကဋ္ဌထံတင်ပြပြီး လက်မှတ်ရေးထိုးထား ရမည်။

**အစည်းအဝေးတွင် လိုက်နာရန်စည်းကမ်းနှင့် အရေးယူရန်နည်းလမ်းများ**

၃၉။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်လျှို့ဝှက်ချက် ကိစ္စများကို တံခါးပိတ်အစည်းအဝေးမှအပ အခြား အစည်းအဝေး၌ တင်ပြခြင်းမပြုရ။

(ခ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချင်းချင်း ရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက် ပျက်ပြားစေမည့်စကား မပြောဆိုရ။

(ဂ) မည်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုရ။

(ဃ) နိုင်ငံရေးပါတီတစ်ခုခုကို ထိပါးပုတ်ခတ်ပြောဆိုခြင်း မပြုရ။

(င) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက် မချမှတ်ရသေးသော မည်သည့်ကိစ္စကိုမျှ ရည်ညွှန်းထည့်သွင်း ပြောဆိုခြင်း မပြုရ။

(စ) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန် အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်းမပြုရ။

(ဆ) လွှတ်တော်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ လွှတ်တော် တွင်ဖြစ်စေ၊ လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဖြစ်စေ ပြောကြားဆွေးနွေးချက်များကို ထိပါးပုတ်ခတ် ပြောဆိုခြင်းသော်လည်းကောင်း၊ ယင်းအစည်းအဝေး

များတွင် ဆောင်ရွက်သည့်ကိစ္စများကို မဖွယ်မရာသော အသုံးအနှုန်းဖြင့် ပြောကြားခြင်းသော်လည်းကောင်း မပြုရ။

(ဇ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိခိုက်သောစကား မပြောဆိုရ။

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏ အစဉ်အလာများနှင့် ထုံးတမ်းများကို ဖောက်ဖျက် ပြောဆိုခြင်းမပြုရ။

(ည) ရုန့်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူ အရာများမပြုရ။

(ဋ) ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စရပ်တစ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရ။

(ဌ) ဆွေးနွေးဆဲကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သော စကားမပြောဆိုရ။

(ဍ) လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရာ၌ မိမိကိုယ် မိမိ အမွှမ်းတင်ခြင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်း၊ မသမာသောနည်းဖြင့် ဆွေးနွေးခြင်း မပြုရ။

(ပ) ဥပဒေကြမ်းတင်သွင်းသည့်ကိစ္စနှင့် ကြိုတင်ပြုစုလာသောစာတမ်းကို ဖတ်ကြားတင်သွင်းရန် ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စများမှအပ အခြားကိစ္စများတွင် နှုတ်ဖြင့်သာ ဆွေးနွေးပြောကြားရမည်။

၄၀။ ဥက္ကဋ္ဌသည်-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နည်းဥပဒေ ၃၉ တွင် ဖော်ပြထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် သတိပေးရမည့်အပြင် ဖောက်ဖျက်မှုကို ရပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) မိမိ၏သတိပေးချက်ကို လွှတ်တော်ကိုယ်စားလှယ်က မလိုက်နာဘဲ ဆက်လက်ဖောက်ဖျက်နေလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးခြင်းကို ရပ်စဲရန် ညွှန်ကြားရမည်။

(ဂ) မိမိ၏ညွှန်ကြားချက်ကို လွှတ်တော်ကိုယ်စားလှယ်က မလိုက်နာလျှင် အစည်းအဝေးကို ခေတ္တရပ်နား၍ ယင်းလွှတ်တော်ကိုယ်စားလှယ်အား မည်ကဲ့သို့ အရေးယူရမည်ကိုစဉ်းစားပြီး အောက်ပါအချက် တစ်ရပ်ရပ်

ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်နိုင်သည်-

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့ရက်အတွက် ဆွေးနွေးခွင့် ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့ရက်အတွက် လွှတ်တော်အစည်းအဝေးခန်းမမှ ထွက်ခွာသွားစေခြင်း၊

(၄) ကျင်းပဆဲ လွှတ်တော်အစည်းအဝေးကာလတစ်လျှောက်လုံးအတွက် အစည်းအဝေးတက်ရောက်ခွင့် ရပ်သိမ်းခြင်း၊

(၅) ဖောက်ဖျက်ခဲ့သောစကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်ခြင်း၊

(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူစေခြင်း။

**ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း**

၄၁။ *(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကို ဖော်ပြ၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဖြစ်စေ၊ လွှတ်တော်အခွင့်အရေးကော်မတီက

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၅ အရ အစားထိုးသည်။

ဖြစ်စေ သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌထံ စာဖြင့် ရေးသား၍ ခွင့်ပြုချက် တင်ပြတောင်းခံရမည်။

(ခ) သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို သင့်လျော်သည်ဟု ယူဆပါက ခွင့်ပြုနိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူဦးရေ၊ အစည်းအဝေး ကျင်းပသည့်နေ့တွင် ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူဦးရေနှင့် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ စုစုပေါင်းဦးရေကိုလည်းကောင်း၊ ခွင့်မဲ့ပျက်ကွက်သူ ဦးရေနှင့် အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူ မှတ်တမ်းတင် ထားရမည်။

၄၂။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် ယင်းသို့ပျက်ကွက်ကြောင်း ဥက္ကဋ္ဌက လွှတ်တော် သို့ တင်ပြရမည်။

(ခ) ယင်းသို့ ခွင့်မဲ့ပျက်ကွက်သည့်အတွက် ထိုလွှတ်တော်ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကြေညာရမည်။

(ဂ) အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလနှင့် နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ဈ) နှင့် နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ(ဂ) နည်းဥပဒေခွဲငယ် (၃)၊ (၄) တို့အရ အစည်းအဝေးတက်ရောက်ခွင့် ရုပ်သိမ်းထားသည့် ကာလများကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(ဃ) နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

၄၃။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် -

(က) အစည်းအဝေးသို့ တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်နာယက၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်

ရန် ၁၅ ရက်တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြား ချက်ရရှိလျှင် ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရမည်။

(ခ) အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ကို ရေတွက်ရာ၌ ယင်းအစည်းအဝေး ရွှေ့ဆိုင်းသည့် ကာလနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ များအရ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့် ရပ်သိမ်းထားသည့် ကာလများကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(ဂ) ခွင့်မဲ့ပျက်ကွက်သည့်အတွက် ထိုလွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကြေညာရမည်။ ထိုသို့ လစ်လပ်သွားလျှင် လိုအပ်သလို ဆောင်ရွက် နိုင်ရန် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အကြောင်းကြားရမည်။

## အခန်း (၇)
## လွှတ်တော်ကော်မတီများ

### ဖွဲ့စည်းခြင်း

၄၄။ ဥက္ကဋ္ဌသည် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် အောက်ပါကော်မတီများကို ဖွဲ့စည်းနိုင်ရေး အတွက် ယင်းကော်မတီတစ်ခုစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင် ဦးရေကိုလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်း ကော်မတီများအလိုက် တာဝန်ယူဦးဆောင်မည့် ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူဖွဲ့စည်းရမည် -

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီ၊

(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီ။

၄၅။ နည်းဥပဒေ ၄၄ ပါ လွှတ်တော်ကော်မတီများ၏ သက်တမ်း သည် လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၄၆။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၄၇။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ဆက်သွယ်ဆောင်ရွက်ခြင်း**

၄၈။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် *[x x x] ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ **[ကြားနာခြင်း၊] မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် အရေးယူခြင်း**

၄၉။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အသီးသီး၏ ကော်မတီဝင်တစ်ဦးသည်-

(က) တစ်ဆက်တည်းကျင်းပသော ကော်မတီအစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ သုံးကြိမ်တိုင်တိုင် မတက်ရောက်လျှင် ကော်မတီဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲသည်။

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၆ အရ စကားရပ်ပယ်ဖျက်သည်။

** အထက်ပါနည်းဥပဒေများ နည်းဥပဒေ ၇ အရ စကားရပ်ဖြည့်စွက်သည်။

(ခ) အောက်ဖော်ပြပါ ရာထူးတစ်ခုခုသို့ ရွေးချယ်တင်မြှောက်ခံရပါက ကော်မတီဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲသည် -

(၁) ဥက္ကဋ္ဌ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည့်ရာထူး။

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရလျှင်ဖြစ်စေ ကော်မတီဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲသည်။

၅၀။ နည်းဥပဒေ ၄၉ နည်းဥပဒေခွဲ(က)အရ ကော်မတီဝင်အဖြစ်မှ ရပ်စဲသွားပါက ယင်းကော်မတီဝင်အား နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(ပ)အရ အရေးယူမှုများပြုလုပ်ရန် သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌက ဥက္ကဋ္ဌထံ တင်ပြရမည်။

**ဥက္ကဋ္ဌက ကော်မတီများကို ကြီးကြပ်ကွပ်ကဲခြင်း**

၅၁။ ဥက္ကဋ္ဌသည် ကော်မတီအသီးသီးက လိုက်နာရန် လုပ်ထုံးလုပ်နည်းများနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းအရပ်ရပ်

တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌထံ ညွှန်ကြားချက်များ ပေးပို့နိုင်သည်။

၅၂။ ကော်မတီဥက္ကဋ္ဌ အသီးသီးသည် လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ကော်မတီလုပ်ငန်းအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ သော်လည်းကောင်း သင့်လျော်သည်ဟု ထင်မြင်ယူဆလျှင် ဥက္ကဋ္ဌထံ အဆုံးအဖြတ် တောင်းခံနိုင်သည်။ ယင်းကိစ္စမျိုးတွင် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၈)**

**ဥပဒေကြမ်းကော်မတီ**

**ဖွဲ့စည်းခြင်း**

၅၃။ ကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းရမည်။

**ရှင်းလင်းချက်။** ဤအခန်းပါ "ကော်မတီ" ဆိုသည့် စကား ရပ်သည် "ဥပဒေကြမ်းကော်မတီ" ကို ရည်ညွှန်းသည်။

၅၄။ ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၅၅။ ကော်မတီအစည်းအဝေးများတွင် ကော်မတီဝင် စုစုပေါင်း ဦးရေ၏ ထက်ဝက်အောက်မနည်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၅၆။ နည်းဥပဒေ ၅၅ အရ တက်ရောက်ရမည့် ကော်မတီဝင် ဦးရေ မပြည့်လျှင် ပြည့်သည်အထိ ကော်မတီဥက္ကဋ္ဌက အစည်းအဝေး အချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

၅၇။ ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်သည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅၈။ မဲဆန္ဒယူရာ၌ သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီ နေလျှင် သဘာပတိသည် အနိုင်မဲပေးရမည်။

**ကော်မတီ၏ တာဝန်များ**

၅၉။ ကော်မတီသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကို အခြေခံ၍ စိစစ်ရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်း ရှိ မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ မရှိ၊

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့် အစိုးရအဖွဲ့ အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့ အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိ နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ မရှိ၊

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ၊

(ဋ) ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ မရှိ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ။

၆၀။ ကော်မတီဝင်များသည် -

(က) ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက

ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(ခ) ကော်မတီသည် ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၆၁။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(င) အသေးစိတ် ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ(က)၊(ခ)၊(ဂ) နှင့် (ဃ)တို့အရ ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၆၂။ ကော်မတီဝင်များသည် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

၆၃။ ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့် နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ၇ ရက်အတွင်း ကော်မတီ၏ အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို

ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(င) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၆၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## အခန်း (၉)
## ပြည်သူ့ငွေစာရင်း ကော်မတီ

### ဖွဲ့စည်းခြင်း

၆၅။ ကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

**ရှင်းလင်းချက်။** ဤအခန်းပါ "ကော်မတီ" ဆိုသည့် စကားရပ်သည် "ပြည်သူ့ငွေစာရင်း ကော်မတီ" ကို ရည်ညွှန်းသည်။

၆၆။ ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

### ကော်မတီအစည်းအဝေးများ

၆၇။ ကော်မတီအစည်းအဝေးများကို နည်းဥပဒေ ၅၅ မှ ၅၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

### ကော်မတီ၏တာဝန်များ

၆၈။ ကော်မတီသည် -

*(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၈ အရ အစားထိုးသည်။

များနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု၊ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ တို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်-

(၁) ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြား

ကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့် ကိစ္စများ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်း များနှင့် ညီညွတ်မှုမရှိသည့်ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်း အားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ကိစ္စများ။

*၆၉။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေး ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့် ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၉ အရ အစားထိုးသည်။

စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

*၇၀။ ကော်မတီသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသောကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၇၁။ ကော်မတီက စိစစ်ပေးရန် လိုအပ်သောကိစ္စနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထား

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၀ အရ အစားထိုးသည်။

မှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်က ဆုံးဖြတ်၍ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

၇၂။ ကော်မတီဝင်များသည် -

(က) ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြိုးအကြောင်းဖော်ပြလျက် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၇၃။ ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၇၄။ ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၇၅။ နည်းဥပဒေ ၆၈ မှ ၇၁ အထိပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

**ကော်မတီ၏အစီရင်ခံစာ တင်ပြခြင်း**

၇၆။ ကော်မတီ၏အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် ဥက္ကဋ္ဌက သတ်မှတ်သည့် ၄ ရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသော နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## အခန်း (၁၀)

## လွှတ်တော်အခွင့်အရေး ကော်မတီ

### ဖွဲ့စည်းခြင်း

၇၈။ ကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

**ရှင်းလင်းချက်။** ဤအခန်းပါ "ကော်မတီ" ဆိုသည့် စကားရပ်သည် "လွှတ်တော်အခွင့်အရေးကော်မတီ" ကို ရည်ညွှန်းသည်။

၇၉။ ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

### ကော်မတီအစည်းအဝေးများ

၈၀။ ကော်မတီအစည်းအဝေးများကို နည်းဥပဒေ ၅၅ မှ ၅၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၈၁။ ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

**လွှတ်တော်အခွင့်အရေးကိစ္စ တင်ပြခွင့်နှင့် တင်ပြရာတွင် လိုက်နာရမည့် နည်းလမ်းများ**

၈၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် -

(က) ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်၊ လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည့် ကိစ္စနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အခွင့်အရေးနှင့်စပ်လျဉ်း၍ တင်ပြလိုပါက မိမိလက်မှတ်ရေးထိုးထားသော အကြောင်းကြားစာကို လွှတ်တော်တွင် တင်ပြလိုသောနေ့ အစည်းအဝေးမစမီ ဥက္ကဋ္ဌထံလိပ်မူ၍ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။ သို့ရာတွင် လွှတ်တော်သို့ အလျင်အမြန် တင်ပြသင့်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင် ကြိုတင် အကြောင်းကြားစာမပေးဘဲ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်းမှာပင် တင်ပြခွင့်ပြုနိုင်သည်။

(ဂ) ယင်းသို့တင်ပြရာတွင် -

(၁) အစည်းအဝေးကျင်းပသည့်ရက် တစ်ရက်တွင် သာမန်အားဖြင့် ကိစ္စ ၂ ခုသာ တင်ပြရမည်။ အရေးကြီးကိစ္စရှိက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

(၂) လတ်တလောပေါ်ပေါက်သော ကိစ္စနှင့်သာ သက်ဆိုင်ရမည့်အပြင် အဆိုပါကိစ္စပေါ်ပေါက်ပြီးလျှင်ပြီးချင်း စောနိုင်သမျှစောစွာ တင်ပြရမည်။

၈၃။ ဥက္ကဋ္ဌသည် လွှတ်တော်သို့ တင်ပြမည့်ကိစ္စနှင့်စပ်လျဉ်း၍ -

(က) ဤနည်းဥပဒေများနှင့် ညီညွတ်သည်ဟု သဘောရရှိလျှင် မေးခွန်းများ ဖြေကြားပြီးသည့်နောက်တွင်ဖြစ်စေ၊ တစ်နေ့အတွက် လွှတ်တော်အစီအစဉ်တွင် ဖော်ပြထားသော ကိစ္စရပ်များကို မစမီတွင်ဖြစ်စေ၊ အခွင့်အရေးကိစ္စကို လွှတ်တော်တွင်တင်ပြလိုသော လွှတ်တော်ကိုယ်စားလှယ်အား တင်ပြခွင့်တောင်းခံရန် ညွှန်ကြားနိုင်သည်။ ထိုလွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်သို့ တင်ပြခွင့်တောင်းရာ၌ တင်ပြ

လိုသောကိစ္စနှင့် သက်ဆိုင်သည့် အကြောင်းအရာ အကျဉ်းချုပ်ကိုသာ ဖော်ပြရမည်။

(ခ) ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိဟု သဘော ရရှိလျှင် ကြိုတင်အကြောင်းကြားစာကို လွှတ်တော်သို့ ဖတ်ပြပြီး အဆိုပါကိစ္စသည် ဤနည်းဥပဒေများ နှင့်မညီညွတ်၍ လွှတ်တော်သို့တင်ပြရန် ခွင့်မပြု ကြောင်း ကြေညာရမည်။

၈၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အခွင့်အရေးကိစ္စ တင်ပြရန် ခွင့်တောင်းခြင်းကို -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်ခဲ့လျှင် ခွင့်ပြုရန်သဘောတူသော လွှတ်တော်ကိုယ်စားလှယ် များအား မိမိတို့နေရာများတွင် မတ်တပ်ရပ်ပြရန် ဥက္ကဋ္ဌက ညွှန်ကြားရမည်။ အကယ်၍ မတ်တပ်ရပ် ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး နှင့် အထက်ဖြစ်လျှင် ခွင့်ပြုသည်ဟုလည်းကောင်း၊ ၇၅ ဦး မပြည့်လျှင် ခွင့်မပြုဟုလည်းကောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာရမည်။

(ခ) လွှတ်တော်က ခွင့်ပြုခဲ့လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက အဆိုတင်သွင်းခြင်းအားဖြင့် အဆိုပါ ကိစ္စကို ကော်မတီသို့ လွှဲအပ်ရမည်။

**ကော်မတီ၏ တာဝန်များ**

၈၅။ ကော်မတီသည် မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည် -

(က) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသော အချက်များကို အခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက်-မရောက် စဉ်းစား ဆုံးဖြတ်ခြင်း၊

(ခ) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဂ) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း။

၈၆။ နည်းဥပဒေ ၈၅ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက် အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့်နည်းလမ်း

များကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

၈၇။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

*(က) ကော်မတီသည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းခံလျှင် ယင်းနုတ်ထွက်ခွင့်တောင်းခံလွှာကို စိစစ်၍ မှတ်ချက်များနှင့်တကွ ဥက္ကဋ္ဌထံတင်ပြခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို လွှတ်တော်ရုံးမှ ပြုစုထားရှိရေးနှင့်စပ်လျဉ်း၍ အကြံပေးခြင်း၊

(ဃ) လွှတ်တော်၏သိက္ခာကို စောင့်ထိန်းရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရန်လည်းကောင်း လွှတ်တော်

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၁ အရ အစားထိုးသည်။

ကိုယ်စားလှယ်တစ်ဦးဦးက ပျက်ကွက်ကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌထံတင်ပြခြင်း၊

(င) နည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌထံ တင်ပြခြင်း။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈၈။ ကော်မတီ၏ အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် -

(က) ကော်မတီသည် လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ဆိုနိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုး

ကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများ တင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ်တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့်-မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

၈၉။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကြိုးအကြောင်း ဖော်ပြလျက် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ဃ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက် ပိုပြီးဆွေးနွေးခွင့်ရှိသည်။

**ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း**

၉၀။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့ လွှဲအပ်တာဝန်ပေးသော အခွင့်အရေး ကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာစည်းဝေး၍ လွှတ်တော်က သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော် သို့ တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာ တင်ပြ ရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံလွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာ

တွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၉၁။ (က) ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆို တင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

(ခ) အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းလျှင်မည်သည့် လွှတ်တော်ကိုယ်စားလှယ်မဆို အစီရင်ခံစာတွင် ဖော်ပြထားသော ကိစ္စတစ်ခုလုံးကိုသော်

လည်းကောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အချက်တစ်ချက်ကိုသော်လည်းကောင်း ထပ်မံစုံစမ်းရေးအတွက် ကော်မတီသို့ ပြန်လည်လွှဲအပ်ရန်ဟူသော ပြင်ဆင်ချက်အဆိုကို တင်သွင်းနိုင်သည်။ သို့ရာတွင် ဤကဲ့သို့သော ပြင်ဆင်ချက်မျိုး တင်သွင်းလိုလျှင် ဥက္ကဋ္ဌက သတ်မှတ်သောနေ့မတိုင်မီ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားစာ ပေးပို့ရမည်။

၉၂။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

# အခန်း (၁၁)

# အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

## ဖွဲ့စည်းခြင်း

၉၃။ ကော်မတီကို ၁၅ ဦးထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

**ရှင်းလင်းချက်။** ဤအခန်းပါ "ကော်မတီ" ဆိုသည့်စကားရပ်သည် "အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ" ကို ရည်ညွှန်းသည်။

၉၄။ ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီအစည်းအဝေးများ

၉၅။ ကော်မတီအစည်းအဝေးများကို နည်းဥပဒေ ၅၅ မှ ၅၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏တာဝန်များ**

၉၆။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် *[xxx] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါ အားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ-မရှိ စိစစ်ပြီး အောက်ပါ အချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် *[xxx] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် *[xxx] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆောင်ရွက် ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက် ပြီးစီးခြင်းရှိ-မရှိ။

---

* ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၆ အရ စကားရပ်ပယ်ဖျက်သည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၉၇။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် *[x x x] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

၉၈။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် *[x x x] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ-မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

၉၉။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၆ အရ စကားရပ်ပယ်ဖျက်သည်။

ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

၁၀၀။ ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) ကော်မတီသည် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော

ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သော နေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များမပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လွှတ်တော်က ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(င) ကော်မတီသည် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၁၀၁။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး

မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## အခန်း (၁၂)

## အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ

### ပြည်ထောင်စုလွှတ်တော်အတွက် ပူးပေါင်းကော်မတီများ

၁၀၂။ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက အောက်ပါပူးပေါင်းကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် တာဝန်ပေးအပ်လာလျှင် ဥက္ကဋ္ဌသည် လိုအပ်သည့် ကော်မတီဝင်များကို ရွေးချယ်တာဝန်ပေးရမည်-

(က) လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့ ပူးပေါင်းဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊

(ခ) လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဖွဲ့စည်းထားသည့် အောက်ပါကော်မတီအသီးသီးမှ ကော်မတီဝင်ဦးရေတူညီစွာဖြင့် ပူးပေါင်းဖွဲ့စည်းသည့် ပူးပေါင်းကော်မတီများ-

(၁) ပြည်သူ့ငွေစာရင်းကော်မတီ၊

(၂) လွှတ်တော်အခွင့်အရေးကော်မတီ၊

(၃) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ။

**အမျိုးသားလွှတ်တော်နှင့်ညှိနှိုင်းရန် ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီများ**

၁၀၃။ လွှတ်တော်သည်-

(က) အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စ ပေါ်ပေါက်လျှင် လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ

၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

(ခ) ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန်ရှိပါက ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ အချင်းချင်းညှိနှိုင်း၍ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ယင်းပူးပေါင်းကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင်သွင်း ပြီးသည့်အချိန်ထိဖြစ်သည်။

## ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ

၁၀၄။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက လွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကဖွဲ့စည်းပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။ ထိုသို့ဖွဲ့စည်းသည့် ကာကွယ်ရေးနှင့် လုံခြုံရေး ကော်မတီကို လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

၁၀၅။ လွှတ်တော်သည် နည်းဥပဒေ ၁၀၄ အရ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ၏ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

## အခြားကော်မတီများ

၁၀၆။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေး

တို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌက ယင်းကော်မတီများကို ဖွဲ့စည်းပြီး အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၁၀၇။ နည်းဥပဒေ ၁၀၆ ပါ ကော်မတီအသီးသီးကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

**ကော်မရှင်နှင့် အဖွဲ့များ**

၁၀၈။ လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌက ယင်းကော်မရှင်နှင့်အဖွဲ့များကို ဖွဲ့စည်းပြီး အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၁၀၉။ နည်းဥပဒေ ၁၀၈ ပါ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

**ဆက်သွယ်ဆောင်ရွက်ခြင်း**

၁၁၀။ နည်းဥပဒေ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၆ နှင့် ၁၀၈ တို့အရ ဖွဲ့စည်းသော ပူးပေါင်းကော်မတီ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် *[xxx] ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၆ အရ စကားရပ်ပယ်ဖျက်သည်။

# အခန်း (၁၃)

# လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း

## နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၁၁၁။ (က) ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီဝင် တစ်ဦးက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာလျှင် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကော်မတီဝင် တစ်ဦးဦးသည် နည်းဥပဒေ ၄၉ ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ကော်မတီဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည်။

## အစားထိုး တာဝန်ပေးအပ်ခြင်း

၁၁၂။ နည်းဥပဒေ ၁၁၁ အရဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကော်မတီဝင်နေရာလစ်လပ်လျှင် ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကော်မတီဝင်နေရာ လစ်လပ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(ခ) ယင်းကော်မတီဝင်နေရာတွင် အစားထိုးတာဝန်ပေးအပ်နိုင်ရန် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်သို့ အမည်စာရင်းတင်သွင်း၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၁၄)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

**ရပ်စဲခြင်း**

၁၁၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ခုခုဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

**လစ်လပ်ကြောင်း ကြေညာခြင်း**

၁၁၄။ နည်းဥပဒေ ၁၁၃ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသည့်ကိစ္စတွင် ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

(ခ) လစ်လပ်သော လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အစားထိုး ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

**အခန်း (၁၅)**

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရပ်သိမ်းခြင်းနှင့် အစားထိုး ရွေးကောက်တင်မြှောက်ခြင်း**

**တာဝန်မှရပ်သိမ်းရန် အဆိုလွှာတင်သွင်းခြင်း**

၁၁၅။ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ တာဝန်မှရပ်သိမ်းရန် အဆိုလွှာတင်သွင်းလိုလျှင် ကတိသစ္စာပြုပြီး

သည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံသည် မိမိတို့လက်မှတ်ရေးထိုးထားသော အဆိုလွှာကို -

(က) ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်ဖြစ်ပါက ဒုတိယ ဥက္ကဋ္ဌထံ တင်သွင်းရမည်။

(ခ) ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် ဖြစ်ပါက ဥက္ကဋ္ဌထံ တင်သွင်းရမည်။

(ဂ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးကို တာဝန်မှ ရုပ်သိမ်း ရန်ဖြစ်ပါက လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်ရေး အတွက် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ ပေးပို့ရမည်။

**ဥက္ကဋ္ဌအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၁၁၆။ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (က) အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန် အဆိုလွှာတင်သွင်းခြင်းဖြစ်ပါက ယင်းကိစ္စကို ဆောင်ရွက်ရန်အလို့ငှာ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၁၁၇။ ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးကာလတွင် တာဝန်မှ ရုပ်သိမ်းရန် တင်သွင်းသည့် အဆိုလွှာနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၁၆ အရ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် -

(က) တာဝန်မှ ရုပ်သိမ်းလိုကြောင်းအဆိုကို လွှတ်တော် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရမည်။

(ခ) တာဝန်မှရုပ်သိမ်းလိုကြောင်း အဆိုလွှာတွင် လက်မှတ်ရေးထိုးသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးအား ယင်းအဆိုကို လွှတ်တော်သို့ တင်သွင်းစေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ တင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်း၍ ဆွေးနွေးခွင့်ပြုရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီးသည့်အခါ အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်အရေးယူ ဆောင်ရွက်ရန်သင့်-မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် နောက်ဆက်တွဲ(ဂ)ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့်နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(င) တာဝန်မှရုပ်သိမ်းရန် အဆိုတင်သွင်းခြင်းခံရသော ဥက္ကဋ္ဌသည်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ဆန္ဒမဲပေးခွင့်ရှိသည်။

၁၁၈။ နည်းဥပဒေ ၁၁၇၊ နည်းဥပဒေခွဲ (ဃ) အရ ဆောင်ရွက်ပြီး နောက် ကြီးကြပ်သူအရာရှိသည် -

(က) ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်းပြီး အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက် ကို ပုံစံ(၆)ဖြင့် ပြုစုရမည်။

(ခ) ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း ၍ ဆန္ဒပြုထားသော ဆန္ဒမဲအရေအတွက်ကို အစည်း အဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေနှင့် ကိုက်ညီမှုရှိ-မရှိ တိုက်ဆိုင်စိစစ်ရမည်။ ထိုသို့စိစစ်ရာတွင် အစည်း အဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်းသော ဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ တိုက်ဆိုင်စိစစ်ရာတွင် အစည်း အဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေထက် ဆန္ဒမဲအရေ အတွက်က ပိုနေသည်ကိုတွေ့ရှိလျှင် ဒုတိယဥက္ကဋ္ဌ ထံ ချက်ချင်းတင်ပြရမည်။ ထိုတင်ပြချက်ကို ရရှိလျှင်

ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲကိုက်ညီမှုမရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာပြီး နည်းဥပဒေ ၁၁၇၊ နည်းဥပဒေခွဲ (ဃ) နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၁၉။ ဒုတိယဥက္ကဋ္ဌသည် နည်းဥပဒေ ၁၁၈၊ နည်းဥပဒေခွဲ (ခ) အရ တိုက်ဆိုင်စိစစ်ရာတွင် ကိုက်ညီမှုရှိပြီး ပုံစံ(၆)ပါ ဆန္ဒမဲပေးမှုအခြေအနေအရ ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆိုကို ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံးသုံးပုံနှစ်ပုံက -

(က) ထောက်ခံခြင်းမရှိလျှင် အရေးယူဆောင်ရွက်ရန် မရှိကြောင်း ကြေညာရမည်။

(ခ) ထောက်ခံလျှင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာရမည်။

**စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၂၀။ နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ (ခ) အရ အရေးယူဆောင်ရွက်ရန် ကြေညာထားသောအဆိုနှင့်စပ်လျဉ်း၍-

(က) စုံစမ်းစစ်ဆေးရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေး

အဖွဲ့ကို ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ဖွဲ့စည်းရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးသည့်အခါ တာဝန်မှ ရုပ်သိမ်းရန် အဆိုတင်သွင်းခြင်းခံရသော ဥက္ကဋ္ဌသည် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချေပခွင့်ရှိသည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ယင်းအဖွဲ့ ဖွဲ့စည်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို ရရှိသည့်အခါ ယင်းအစီရင်ခံစာကို လွှတ်တော်သို့ ဆောလျင်စွာ တင်ပြရမည်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန် တင်သွင်းသောအဆိုသည် -

(က) မှန်ကန်ခြင်းမရှိကြောင်း တင်ပြချက်ဖြစ်ပါက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်မရှိကြောင်း

ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

(ခ) မှန်ကန်ပြီး အရေးယူသင့်ကြောင်း တင်ပြချက်ဖြစ်ပါက တာဝန်မှရုပ်သိမ်းရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရရှိရန် ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက နောက်ဆက်တွဲ (ဂ) ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

**ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁၂၂။ နည်းဥပဒေ ၁၂၁၊ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန်အဆိုအား ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံးသုံးပုံ နှစ်ပုံက -

(က) ထောက်ခံခြင်းမရှိလျှင် အရေးယူဆောင်ရွက်ရန် မရှိကြောင်း ကြေညာရမည်။

(ခ) ထောက်ခံလျှင် ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းကြောင်း ကြေညာရမည်။

၁၂၃။ နည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ(ခ)အရ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းလျှင် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သောကြောင့် ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

၁၂၄။ နည်းဥပဒေ ၁၁၅ နှင့် ၁၁၉ နည်းဥပဒေခွဲ(ခ)တို့အရ တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်းခံရသော ဥက္ကဋ္ဌသည် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ဆဲကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိစေရ။ ကျင်းပဆဲ လွှတ်တော်အစည်းအဝေးများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်ရောက်ဆောင်ရွက်ခွင့်ရှိသည်။

၁၂၅။ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက အဆိုတင်သွင်းပြီး သုံးပုံနှစ်ပုံက ဆက်လက်အရေးယူဆောင်ရွက်ရန် ထောက်ခံသဖြင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးနေသည့်အချိန်တွင် ဥက္ကဋ္ဌတာဝန်ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေး၏ မူလအစီအစဉ်များကို ဆက်လက်ကြီးကြပ် ဆောင်ရွက်ရမည်။

**ဒုတိယဥက္ကဋ္ဌအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၁၂၆။ နည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(ခ)အရ ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် တင်သွင်းသောအဆိုလွှာကို လွှတ်တော် အစည်းအဝေး ကျင်းပသည့်ကာလတွင် ရရှိခြင်းဖြစ်လျှင် ဥက္ကဋ္ဌ သည် နည်းဥပဒေ ၁၁၇ မှ ၁၂၅ အထိပါရှိသော ပြဋ္ဌာန်းချက် များနှင့်အညီ ဆောင်ရွက်ရမည်။ ဒုတိယဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်အဆိုနှင့်စပ်လျဉ်း၍ အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေ အတွက်ကို ပုံစံ (၆) ဖြင့် ပြုစုရမည်။

၁၂၇။ နည်းဥပဒေ ၁၂၂၊ နည်းဥပဒေခွဲ (ခ) အရ ဒုတိယဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းလျှင် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သောကြောင့် ဥက္ကဋ္ဌသည် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား အစည်းအဝေးကာလတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၁၂၈။ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (ဂ) အရ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား လွှတ်တော်အစည်းအဝေးကာလတွင်

တာဝန်မှရုပ်သိမ်းရန်အဆိုလွှာ တင်သွင်းခြင်းဖြစ်ပါက -

(က) အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေသော ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်သည် ယင်းသို့ အဆိုပြုလွှာ လက်ခံရရှိကြောင်း ကြေညာ၍ လွှတ်တော်၏ ဆောင်ရွက်ဆဲ မူလအစီအစဉ်များကို ရပ်ဆိုင်းပြီး လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ရန် သဘာပတိတစ်ဦးအား လွှတ်တော်က တင်မြှောက်ရေးအတွက် ဆောင်ရွက်ရမည်။

(ခ) သဘာပတိတင်မြှောက်ခြင်းကို နည်းဥပဒေ ၇၊ ၈ နှင့် ၉ တို့ပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်မြှောက်လိုက်သည့် သဘာပတိသည် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန်ကိစ္စများမှအပ လွှတ်တော်အစည်းအဝေးတွင် အခြားကိစ္စများကို ဆောင်ရွက်ခွင့်မရှိစေရ။

(ဃ) သဘာပတိသည် -

(၁) တာဝန်မှရုပ်သိမ်းလိုကြောင်းအဆိုကို လွှတ်တော်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

(၂) တာဝန်မှ ရုပ်သိမ်းလိုကြောင်း အဆိုလွှာတွင် လက်မှတ်ရေးထိုးသော ကတိပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ယင်း အဆိုကို လွှတ်တော်သို့ တင်သွင်းစေရမည်။

(၃) နည်းဥပဒေခွဲငယ်(၂)အရ တင်သွင်းသော အဆို နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များအား အမည်စာရင်း တင်သွင်း စေ၍ ဆွေးနွေးခွင့်ပြုရမည်။

(၄) လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီး သည့်အခါ အဆိုနှင့်စပ်လျဉ်း၍ ဆက်လက် အရေးယူဆောင်ရွက်ရန်သင့်-မသင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးချင်းစီအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နောက်ဆက်တွဲ(ဂ)ပါ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေး သည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေခွဲငယ်(၄)အရ ဆောင် ရွက်ပြီးနောက် ကြီးကြပ်သူအရာရှိသည် -

(၁) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန် မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်းပြီး အစည်း အဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေ အတွက်ကို ပုံစံ (၆) ဖြင့် ပြုစုရမည်။

(၂) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးစီအတွက် နည်းဥပဒေခွဲငယ်(၁)အရ ဆန္ဒပြုထားသော ဆန္ဒမဲ အရေအတွက်ကို အစည်းအဝေးသို့တက်ရောက် ၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေနှင့် ကိုက်ညီမှုရှိ-မရှိ တိုက်ဆိုင် စိစစ်ရမည်။ ထိုသို့စိစစ်ရာတွင် အစည်းအဝေး သို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေမှ လျော့နည်း သောဦးရေကို ဆန္ဒမဲမပေးသူဟု မှတ်ယူရမည်။

(၃) နည်းဥပဒေခွဲငယ် (၂) အရ တိုက်ဆိုင်စိစစ်ရာ တွင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲ ပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေထက် ဆန္ဒမဲအရေအတွက်က ပိုနေသည် ကို တွေ့ရှိလျှင် သဘာပတိထံ ချက်ချင်းတင်ပြ

ရမည်။ ထိုတင်ပြချက်ကို ရရှိလျှင် သဘာပတိသည် ဆန္ဒမဲကိုက်ညီမှုမရှိသဖြင့် ဆန္ဒမဲပေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာပြီး နောက်ဆက်တွဲ(ဂ)ပါ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့်နည်းလမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(စ) သဘာပတိသည် နည်းဥပဒေခွဲ(င)၊ နည်းဥပဒေခွဲငယ်(၂) အရ တိုက်ဆိုင်စိစစ်ရာတွင် ကိုက်ညီမှုရှိပြီး ပုံစံ (၆) ပါ တစ်ဦးချင်းရရှိသည့် ဆန္ဒမဲပေးမှု အခြေအနေအရ တာဝန်မှရုပ်သိမ်းရန် အဆိုအသီးသီးအား ဥက္ကဋ္ဌအတွက်သော်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအတွက်သော်လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအတွက်သော်လည်းကောင်း ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံးသုံးပုံနှစ်ပုံက -

(၁) ထောက်ခံခြင်းမရှိလျှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား အရေးယူဆောင်ရွက်ရန် မရှိကြောင်း ကြေညာရမည်။

(၂) ထောက်ခံလျှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာရမည်။

(ဆ) သဘာပတိသည် နည်းဥပဒေခွဲ(စ)အရ ဆောင်ရွက်ပြီးနောက် ရရှိသည့် ဆန္ဒမဲအခြေအနေအရ ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက -

(၁) ဥက္ကဋ္ဌတစ်ဦးတည်းအား တာဝန်မှရုပ်သိမ်းရန်အဆိုကိုထောက်ခံလျှင် အစည်းအဝေးကိုကြီးကြပ်ရန် တာဝန်အား ဒုတိယဥက္ကဋ္ဌသို့ လွှဲပြောင်းပေးရမည်။ ယင်းသို့ တာဝန်လွှဲပြောင်းပေးခြင်းခံရသော ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန်အဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၂၀ မှ ၁၂၅ အထိပါ နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(၂) ဒုတိယဥက္ကဋ္ဌ တစ်ဦးတည်းအား တာဝန်မှရုပ်သိမ်းရန်အဆိုကို ထောက်ခံလျှင် အစည်းအဝေးကို ကြီးကြပ်ရန်တာဝန်အား ဥက္ကဋ္ဌသို့ လွှဲပြောင်းပေးရမည်။ ယင်းသို့ တာဝန်လွှဲ

ပြောင်းပေးခြင်းခံရသော ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၂၀ မှ ၁၂၅ အထိပါ နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(၃) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန်အဆိုကို ထောက်ခံလျှင် အစည်းအဝေးကို သဘာပတိက ဆက်လက်ကြီးကြပ်ပြီး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၂၀ မှ ၁၂၅ အထိပါ နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဇ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ အစည်းအဝေးကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သော ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် နည်းဥပဒေခွဲ(ဆ) နည်းဥပဒေခွဲငယ်(၁)အရ ဖြစ်စေ၊ နည်းဥပဒေခွဲငယ်(၂)အရဖြစ်စေ၊ နည်းဥပဒေခွဲငယ် (၃)အရဖြစ်စေ ဆောင်ရွက်ပြီးနောက် ကတိသစ္စာ

ပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံနှစ်ပုံက -

(၁) ဥက္ကဋ္ဌတစ်ဦးတည်းကို တာဝန်မှရုပ်သိမ်းရန် ထောက်ခံလျှင် ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်း ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

(၂) ဒုတိယဥက္ကဋ္ဌ တစ်ဦးတည်းကို တာဝန်မှ ရုပ်သိမ်းရန် ထောက်ခံလျှင် ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းကြောင်း ဥက္ကဋ္ဌက ကြေညာ ရမည်။

(၃) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို တာဝန်မှ ရုပ်သိမ်းရန် ထောက်ခံလျှင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌနှစ်ဦးလုံးအား တာဝန်မှရုပ်သိမ်းကြောင်း သဘာပတိက ကြေညာရမည်။

၁၂၉။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ တာဝန်မှရုပ်သိမ်းလျှင် လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၂ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်း ရပ်စဲပြီးဖြစ်သောကြောင့် သက်ဆိုင်သည့် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် လိုအပ်သလို

ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

၁၃၀။ နည်းဥပဒေ ၁၁၅ နှင့် နည်းဥပဒေ ၁၂၈၊ နည်းဥပဒေခွဲ(စ)၊ နည်းဥပဒေခွဲငယ်(၂)တို့အရ တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်းခံရသောဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တာဝန်မှရုပ်သိမ်းရန်ဆောင်ရွက်ဆဲကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိစေရ။ ကျင်းပဆဲ လွှတ်တော်အစည်းအဝေးများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်ရောက် ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်နိုင်သည်။

**ဥက္ကဋ္ဌအား အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၁၃၁။ ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် တင်သွင်းသည့်အဆိုလွှာနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၁၆ အရ ဥက္ကဋ္ဌတာဝန် ယာယီထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် -

(က) လွှတ်တော်၏ အဆုံးအဖြတ် ရယူနိုင်ရေးအတွက် လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူရမည်။

(ခ) လွှတ်တော်အထူးအစည်းအဝေးကို ခေါ်ယူရာတွင် အဆိုလွှာရောက်ရှိသည့်နေ့ရက်မှ ၂၁ ရက်အတွင်း

ခေါ်ယူပြီး နည်းဥပဒေ ၁၁၆ မှ ၁၂၂ အထိပါရှိသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ခေါ်ယူသော လွှတ်တော် အထူးအစည်းအဝေးတွင် ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်ကိစ္စမှအပ အခြားကိစ္စများကို တင်သွင်း ဆုံးဖြတ်ခွင့်မပြုရ။

(ဃ) တာဝန်မှရုပ်သိမ်းရန် အဆိုလွှာကို လွှတ်တော် ကိုယ်စားလှယ် လေးပုံတစ်ပုံကတင်သွင်းပြီး သုံးပုံ နှစ်ပုံက ဆက်လက်အရေးယူရန် ထောက်ခံသဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးနေသည့် အခြေအနေတွင် လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်း ထားရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာ ရရှိသည့်အခါ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူ ရန် လွှတ်တော်အစည်းအဝေးကို ပြန်လည်ခေါ်ယူ ကျင်းပရမည်။

**ဒုတိယဥက္ကဋ္ဌအား အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှ ရုပ်သိမ်းရန်ဆောင်ရွက်ခြင်း**

၁၃၂။ ဒုတိယဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးကာလ မဟုတ် သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် တင်သွင်းသည့် အဆိုလွှာ

နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၃၁ ပါနည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် ဆောင်ရွက်ခြင်း**

၁၃၃။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးလုံးအား လွှတ်တော်အစည်းအဝေးကာလ မဟုတ်သည့်အခါတွင် တာဝန်မှရုပ်သိမ်းရန် နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ(ဂ)အရ တင်သွင်းသည့်အဆိုလွှာကို လက်ခံရရှိသောအခါ လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဆိုလွှာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၃၄။ နည်းဥပဒေ ၁၃၃ အရ တင်ပြသည့် အဆိုလွှာနှင့်စပ်လျဉ်း၍ -

(က) ဥက္ကဋ္ဌသည် အဆိုလွှာကို လက်ခံရရှိသည့်နေ့မှ ၂၁ ရက်အတွင်း လွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခေါ်ယူသော လွှတ်တော် အထူးအစည်းအဝေးတွင် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား တာဝန်မှရုပ်သိမ်းရန်ကိစ္စမှအပ အခြားကိစ္စများကို တင်သွင်းဆုံးဖြတ်ခွင့်မပြုရ။

(ဂ) နည်းဥပဒေခွဲ(က)အရ ခေါ်ယူသော လွှတ်တော်အထူးအစည်းအဝေးကို ကြီးကြပ်ရန် သဘာပတိတစ်ဦး တင်မြှောက်ခြင်းကို နည်းဥပဒေ ၇၊ ၈ နှင့် ၉ တို့ပါ နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား တာဝန်မှရုပ်သိမ်းရန် အဆိုလွှာနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌသည်လည်းကောင်း၊ သဘာပတိသည်လည်းကောင်း နည်းဥပဒေ ၁၂၈၊ နည်းဥပဒေခွဲ(ဃ)မှ (ဇ)အထိ၊ နည်းဥပဒေ ၁၂၉ နှင့် ၁၃၀ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ(က)အရ ဥက္ကဋ္ဌက လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူခြင်းမပြုလျှင် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်သည် အဆိုလွှာကို လက်ခံရရှိသည့်နေ့မှ ၂၁ ရက်အတွင်း လွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူရမည်။

**အစားထိုးရွေးကောက်တင်မြှောက်ခြင်း**

၁၃၅။ ဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းသဖြင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌကို တာဝန်မှရုပ်သိမ်းသဖြင့်

ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင်လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို တာဝန်မှရုပ်သိမ်းသဖြင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများ လစ်လပ်လျှင်လည်းကောင်း ထိုလစ်လပ်သည့်နေရာအသီးသီးကို အစားထိုးရွေးကောက်တင်မြှောက်နိုင်ရေးအတွက် နည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃တို့တွင် ပါရှိသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၆)

## လွှတ်တော်သို့ တင်သွင်းသည့် မေးခွန်းများ

### မေးခွန်းပေးပို့ခြင်း

၁၃၆။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်တွင် မေးခွန်းမေးမြန်းလိုလျှင် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ မေးခွန်းများကို လက်မှတ်ရေးထိုးပြီး မေးခွန်းမေးမြန်းလိုကြောင်း အကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်။

၁၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့အား မေးမြန်းသော မေးခွန်းတစ်ရပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် သက်ဆိုင်စေရမည် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

၁၃၈။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား မေးမြန်းသောမေးခွန်းသည် ထိုပုဂ္ဂိုလ်တာဝန်ခံရသည့် ဥပဒေကြမ်း သို့မဟုတ် အဆို သို့မဟုတ် လွှတ်တော်နှင့်စပ်လျဉ်းသော အခြားကိစ္စအတွက် မေးမြန်းခြင်း ဖြစ်စေရမည်။

၁၃၉။ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းဖြေကြားရန် ဖြစ်သည်။

**မေးခွန်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၄၀။ မေးခွန်းတစ်ရပ်သည် အောက်ပါကန့်သတ်ချက်များနှင့် ကိုက်ညီစေရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသောမေးခွန်း မဖြစ်စေရ။

(ခ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့် မေးခွန်းမဖြစ်စေရ။

(ဂ) ကိစ္စတစ်ရပ်ရပ်အတွက် ထင်မြင်ယူဆချက်တောင်းဆိုခြင်း၊ ဥပဒေဆိုင်ရာနက်နဲသော ပြဿနာများကို ဖြေရှင်းတောင်းဆိုခြင်း သို့မဟုတ် မဖြစ်ပေါ်သေး

သောကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်းခြင်းမပြုရ။

(ဃ) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တသို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းမပြုရ။

(င) လွှတ်တော်သို့ တင်ပြခြင်းမပြုရသေးသော လွှတ်တော်အဖွဲ့အစည်းများ၏ လုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မေးမြန်းခြင်း မပြုရ။

(စ) လွှတ်တော်တွင် ဖြေဆိုပြီးဖြစ်သော မေးခွန်းများနှင့် သဘောထားချင်းတူညီသော မေးခွန်း သို့မဟုတ် ဖြေဆိုရန် ငြင်းဆိုခဲ့သော မေးခွန်းမဖြစ်စေရ။

(ဆ) နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေမည့် မေးခွန်းမဖြစ်စေရ။

(ဇ) နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ။

(ဈ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရပ်အတွင်း ကြယ်ပွင့်ပြထားသော မေးခွန်း ၅ ခုထက်ပို၍ မေးမြန်းခြင်းမပြုရ။

## မေးခွန်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ

၁၄၁။ မေးခွန်းတစ်ရပ်သည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီစေရမည်-

(က) အကြောင်းကိစ္စ တစ်စုံတစ်ခုကိုသိလို၍ စုံစမ်းမေးမြန်းသော မေးခွန်းဖြစ်ရမည်။

(ခ) ရှင်းလင်းစွာ ဖော်ပြရေးသားထားသော မေးခွန်းဖြစ်ရမည်။

(ဂ) မိမိ၏ဖော်ပြချက် မှန်ကန်ကြောင်း မေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ကို တာဝန်ခံရမည်။

(ဃ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထားမပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သရေကို ထိခိုက်စေသော ဖော်ပြချက်များ မပါရှိသော မေးခွန်းဖြစ်ရမည်။

(င) မလိုအပ်ဘဲ ရှည်လျားခြင်းမရှိသော မေးခွန်းဖြစ်ရမည်။

(စ) အသေးအဖွဲ့ကိစ္စရပ်များ မပါဝင်သော မေးခွန်းဖြစ်ရမည်။

(ဆ) လိုအပ်ခြင်းမရှိဘဲ အတိတ်ကာလဖြစ်ရပ်များကို စုံစမ်းမေးမြန်းခြင်းမဟုတ်သည့် မေးခွန်းဖြစ်ရမည်။

(ဇ) လွှယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင်ပါရှိသော အကြောင်းများကို သိရှိရန် မဟုတ်သည့် မေးခွန်းဖြစ်ရမည်။

(ဈ) နိုင်ငံရေးကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက် မေးမြန်းခြင်း မဟုတ်သည့် မေးခွန်းဖြစ်ရမည်။

(ည) မိမိကိုယ်မိမိ အမွှမ်းတင်သော၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချသော မေးမြန်းခြင်းမဟုတ်သည့် မေးခွန်း ဖြစ်ရမည်။

**မေးခွန်းများ မေးခွင့်မပြုခြင်း**

၁၄၂။ ဥက္ကဋ္ဌသည် မေးခွန်းတစ်ရပ်ရပ်ကို လက်ခံခွင့်ပြုရန် သင့်-မသင့် စဉ်းစားရာ၌ ဤနည်းဥပဒေများနှင့်ညီညွတ်ခြင်း မရှိလျှင် မေးခွန်းတစ်ခုလုံးကိုသော်လည်းကောင်း၊ မေးခွန်း၏အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။ ထို့အပြင် မေးခွန်းမေးမြန်းပိုင်ခွင့်ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊

သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ခွင့်မပြုရ။

၁၄၃။ မေးခွန်း သို့မဟုတ် မေးခွန်း၏အစိတ်အပိုင်းကို ဥက္ကဋ္ဌက ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရ။

**နှုတ်ဖြင့် ဖြေဆိုရမည့် မေးခွန်းများ**

၁၄၄။ နှုတ်ဖြင့် ဖြေဆိုရမည့် မေးခွန်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍-

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမေးမြန်းသောမေးခွန်းကို လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားပေးစေလိုလျှင် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့သည့်မေးခွန်း၌ ကြယ်ပွင့်အမှတ်အသား ပြထားရမည်။

(ခ) ဥက္ကဋ္ဌကခွင့်ပြုသော ကြယ်ပွင့်ပြမေးခွန်းများကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းပြီး မေးခွန်းများ မေးမြန်းချိန်၌ ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏အမည်ကို ခေါ်ခြင်းအားဖြင့် မေးမြန်းခွင့်ပြုနိုင်သည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက မိမိအမည်ကို ခေါ်သည့်အခါ ကြယ်ပွင့်ပြထားသော

မေးခွန်းကို မေးမြန်းရမည်။ *[ထိုသို့မေးမြန်းရာတွင် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် မေးမြန်းချိန် ၃ မိနစ်ထက် မပိုစေရ။]

(ဃ) ဖြေကြားသော အဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ **[ထိုသို့မေးမြန်းရာတွင် မေးမြန်းချိန် ၃ မိနစ်ထက် မပိုစေရ။] သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့်ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ။

၁၄၅။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က မိမိ၏မေးခွန်းကို ကြယ်ပွင့်အမှတ်အသား သီးခြားမပြလျှင်သော်လည်းကောင်း၊ ကြယ်ပွင့်အမှတ်အသားပြထားသော မေးခွန်းမေးမြန်းသည့်အချိန်တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် မရှိလျှင်သော်လည်းကောင်း မေးခွန်း၏အဖြေများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်နိုင်ရေးအတွက် ဖြေဆိုမည့်သူက ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၂ အရ ဖြည့်စွက်သည်။

**အထက်ပါနည်းဥပဒေများ နည်းဥပဒေ ၁၃ အရဖြည့်စွက်သည်။

## မေးခွန်းများကို ဖြေကြားခြင်းနှင့် ဆက်လက်ဆောင်ရွက်ခြင်း

၁၄၆။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသော မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်ကဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကဖြစ်စေ လွှတ်တော်ရုံးက ပေးပို့သည့်မေးခွန်းကို လက်ခံရရှိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ဖြေကြားရမည်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ လုပ်ငန်းများနှင့် သက်ဆိုင်လျှင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှု ရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန် လုပ်ပိုင်ခွင့်ရှိသဖြင့် ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာသို့ မေးမြန်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးက လွှတ်တော်တွင် ဖြေကြားရမည်။

၁၄၇။ လွှတ်တော်တွင် မေးမြန်းထားသော မေးခွန်းအားလုံးနှင့် ဖြေကြားပြီးဖြစ်သော အဖြေများကို လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရမည်။

၁၄၈။ လွှတ်တော်အစည်းအဝေး ကျင်းပပြီးစီးသည့်အချိန်ထိ ဖြေကြားရန် ကျန်ရှိနေသေးသော မေးခွန်းများ၏ အဖြေများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ထံ ပေးအပ်နိုင်ရေးအတွက် ဖြေဆိုမည့်သူသည် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ထားရမည်။

၁၄၉။ ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်တွင် ဖြေဆိုရန် ဖြစ်သော မေးခွန်းနှင့်အဖြေများကို လွှတ်တော်တွင် ဖြေကြားပြီး သည်အထိ သို့မဟုတ် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ ပေးပို့ပြီးသည်အထိ သတင်းထုတ်ပြန် ကြေညာခြင်းမပြုရ။

*၁၅၀။ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်း ဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်သောမေးခွန်းများနှင့် ဖြေကြားချက် များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၄ အရ အစားထိုးသည်။

## မေးခွန်း၏ အဖြေမှပေါ်ပေါက်လာသည့် အများပြည်သူတို့အတွက် အရေးကြီးသောကိစ္စ ဆွေးနွေးခြင်း

၁၅၁။ မေးခွန်းတစ်ခုကို နှုတ်ဖြင့်ဖြေကြားသည်ဖြစ်စေ၊ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ပေးပို့ဖြေကြားသည်ဖြစ်စေ ယင်းမေးခွန်းနှင့် အဖြေများအနက် အများပြည်သူတို့အတွက် အရေးကြီးသောမေးခွန်းနှင့် အဖြေများဖြစ်သည်ဟု ဥက္ကဋ္ဌကဆုံးဖြတ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် နေ့ရက်နှင့် အချိန်များကို ဥက္ကဋ္ဌက သတ်မှတ်ပေးရမည်။

၁၅၂။ နည်းဥပဒေ ၁၅၁ ပါကိစ္စအတွက် ဆွေးနွေးရန် နေ့ရက်နှင့် အချိန်သတ်မှတ်ရာတွင် ဥက္ကဋ္ဌသည် သာမန်အားဖြင့် လွှတ်တော် အစည်းအဝေး ကျင်းပသည့်ရက်များတွင် မွန်းလွဲ ၄ နာရီမှ မွန်းလွဲ ၅ နာရီထိ သတ်မှတ်ပေးရမည်။ သို့ရာတွင် လွှတ်တော်၏ အခြား လုပ်ငန်းများသည် မွန်းလွဲ ၄ နာရီမတိုင်မီ ပြီးဆုံးလျှင် ပြီးဆုံးသည့် အချိန်မှစ၍သော်လည်းကောင်း၊ လွှတ်တော်ရွှေ့ဆိုင်းရန် အဆို တင်သွင်းထားပါက ယင်းအဆိုကို ဆွေးနွေးပြီးဆုံးသည့်အချိန်မှ စ၍သော်လည်းကောင်း နည်းဥပဒေ ၁၅၁ ပါကိစ္စကို ဆွေးနွေးရန် တစ်နာရီထက် မပိုသောအချိန်ကို သတ်မှတ်ပေးရမည်။

၁၅၃။ နည်းဥပဒေ ၁၅၂ အရ သတ်မှတ်သည့် နေ့ရက်နှင့် အချိန် တို့ကို ဥက္ကဋ္ဌက လိုအပ်သလို ပြောင်းလဲသတ်မှတ်နိုင်သည်။

**ဆွေးနွေးရန်နှင့် ဖြေကြားရန်နည်းလမ်း**

၁၅၄။ (က) နည်းဥပဒေ ၁၅၁ ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးလိုသည့်အချက်ကို အတိုချုပ်ဖော်ပြ၍ မိမိကိုယ်တိုင် *[x x x x] လက်မှတ်ရေးထိုးပြီး ဆွေးနွေးရန် သတ်မှတ်သည့်ရက်မတိုင်မီ ၃ ရက် ကြိုတင်၍ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် မှတစ်ဆင့် ဥက္ကဋ္ဌထံ ပေးပို့ရမည်။ ယင်းသို့ ပေးပို့ရာတွင် မည်သည့်အကြောင်းကြောင့် ဆွေးနွေးလိုကြောင်း အတိုချုပ်ရှင်းလင်းချက် ပူးတွဲပေးရမည်။

(ခ) ဥက္ကဋ္ဌသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ သဘောတူညီချက်ဖြင့် နည်းဥပဒေခွဲ (က)ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့ခြင်း ပြုနိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)အရ ပေးပို့သည့်စာပါကိစ္စရပ်မှာ လွှတ်တော်တွင် ဆွေးနွေးသင့်သည်အထိ အရေးကြီးပြီး အများပြည်သူတို့နှင့် သက်ဆိုင်သော

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၅ အရ စကားရပ်ပယ်ဖျက်သည်။

ကိစ္စဖြစ်သည်ဟု ယူဆမှသာ ယင်းကိစ္စရပ်ကို ဆွေးနွေးခွင့်ပြုရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(ဂ)နှင့် ကိုက်ညီသော အကြောင်းကြားစာများအနက် ဆွေးနွေးရန်ရရှိသည့် အချိန်အပေါ်မူတည်၍ သင့်လျော်သော အကြောင်းကြားစာများကိုသာ ရွေးချယ်ပြီး လွှတ်တော်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

(င) လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့် အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ အတိုချုပ်သာ ဆွေးနွေးရမည်။ ဆွေးနွေးရာတွင် နည်းဥပဒေ ၃၀ ပါ သတ်မှတ်ချိန်ထက် ကျော်လွန်ဆွေးနွေးခြင်း မပြုရ။ ဖြေကြားမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကလည်း အတိုချုပ်သာ ဖြေကြားရမည်။

## အခန်း (၁၇)

## လွှတ်တော်သို့တင်သွင်းသည့် အဆိုများ

### အဆိုပေးပို့ခြင်း

၁၅၅။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်

စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ် တင်သွင်းရမည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊

(ဂ) ဥက္ကဋ္ဌက ခွင့်ပြုသည့်အခြားကိစ္စများ။

၁၅၆။ နည်းဥပဒေ ၁၅၅ အရ လွှတ်တော်သို့အဆိုတင်သွင်းလိုလျှင် တင်သွင်းသူက အဆိုလွှာတွင် လက်မှတ်ရေးထိုးပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

**အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၁၅၇။ အဆိုများသည် အောက်ပါကန့်သတ်ချက်များနှင့် ကိုက်ညီရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသောအဆို မဖြစ်စေရ။

(ခ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်ခြင်းမရှိသောအဆို မဖြစ်စေရ။

(ဂ) အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီး သောကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စ မပါရှိစေရ။

(ဃ) သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များ မပါရှိစေရ။

(င) နိုင်ငံရေးကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက် တင်သွင်းသည့်အဆို မဖြစ်စေရ။

(စ) ဥက္ကဋ္ဌက ခွင့်မပြုရသေးမီ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်း မပြုရ။

**အဆိုနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ**

၁၅၈။ အဆိုများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီ ရမည်-

(က) ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ် တစ်ခုပါရှိရမည်။

(ခ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထား မပါရှိသည့် ယူဆချက်များ၊ မသင့် လျော်သော အသုံးအနှုန်းများနှင့် ဂုဏ်သရေကို

ထိခိုက်စေသည့် ဖော်ပြချက်များမပါသောအဆိုဖြစ်ရမည်။

(ဂ) အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်။

**အဆိုများ တင်သွင်းခွင့် မပြုခြင်း**

၁၅၉။ ဥက္ကဋ္ဌသည် အဆိုတစ်ရပ်ရပ်ကို လက်ခံခွင့်ပြုရန်သင့်-မသင့် စဉ်းစားရာ၌ ဤနည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိလျှင် အဆိုတစ်ခုလုံးကိုသော်လည်းကောင်း၊ အဆို၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ခွင့်မပြုရ။ ထို့အပြင် *[အဆိုတင်သွင်းပိုင်ခွင့်]ကို အလွဲသုံးစားပြုသည်ဟုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကိုဖြစ်စေ ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ လွှတ်တော်၏လုပ်ငန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိပါးစေသည်ဟုသော်လည်းကောင်း ယူဆလျှင် အဆို သို့မဟုတ် အဆို၏ အစိတ်အပိုင်းကို ခွင့်မပြုရ။

၁၆၀။ အဆို သို့မဟုတ် အဆို၏အစိတ်အပိုင်းကို ဥက္ကဋ္ဌက

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၆ အရ အစားထိုးသည်။

ခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏ အဆုံးအဖြတ်ကို ဆွေးနွေးခွင့်မရှိစေရ။

**လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းနိုင်ခြင်း**

၁၆၁။ လွှတ်တော်အစည်းအဝေးများတွင် သာမန်အားဖြင့် တစ်နေ့အတွက် သတ်မှတ်ထားသော အစည်းအဝေးအစီအစဉ် အတိုင်း ဆောင်ရွက်ရမည်။ သို့ရာတွင် ဝမ်းသာကြောင်း၊ ဝမ်းနည်း ကြောင်းအဆို သို့မဟုတ် အရေးကြီးကိစ္စရပ်ကို ဆွေးနွေးနိုင်ရေး အတွက် လွှတ်တော်၏ မူလအစီအစဉ်ကို ရွှေ့ဆိုင်းရန်အဆို တင်သွင်းလာပါက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်၏ မူလ အစီအစဉ်ကို ပြင်ဆင်နိုင်သည်။

**ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၆၂။ ဥက္ကဋ္ဌသည် ဝမ်းသာကြောင်း သို့မဟုတ် ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ရပ် တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ -

(က) လွှတ်တော်၏ အများဆန္ဒနှင့် ကိုက်ညီမည်ဟု သဘောရရှိလျှင် ထိုအဆိုကို အချိန်မရွေးတင်သွင်း ခွင့်ပြုရမည်။

(ခ) လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အစည်းအဝေး ၏မူလအစီအစဉ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်

၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။

**အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း**

၁၆၃။ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ -

(က) ဥက္ကဋ္ဌသည် အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်လျှင် အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်-

(၁) အဆိုတင်သွင်းသောနေ့၏ အစည်းအဝေး မစတင်မီဖြစ်စေ၊ အစည်းအဝေး ကျင်းပနေစဉ်ဖြစ်စေ စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး ဥက္ကဋ္ဌထံ တင်သွင်းသောအဆို ဖြစ်ရမည်။

(၂) အဆိုသည် လောလောဆယ် ပေါ်ပေါက်လာသောကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးတကြီး သက်ဆိုင်သောကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန်လိုအပ်သောကိစ္စလည်း ဖြစ်ရမည်။

(၃) အဆိုသည် လွှတ်တော်တွင် သာမန်နည်းလမ်း အားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သော ကိစ္စဖြစ်ရမည်။

(၄) အဆိုသည် လွှတ်တော်သို့ အကြောင်းကြား ထားပြီးဖြစ်၍ သင့်လျော်သော အချိန်အတွင်း တင်သွင်းဆွေးနွေးရန် သတ်မှတ်ပြီးသောကိစ္စ တစ်ရပ်လည်း မဖြစ်စေရ။ ထို့ပြင် ဆွေးနွေး စဉ်းစားရန် သတ်မှတ်ပြီးသောကိစ္စတစ်ရပ် လည်း မဖြစ်စေရ။ လွှတ်တော်အစည်းအဝေး တွင် ဆွေးနွေးဆုံးဖြတ်ပြီးဖြစ်သည့်ကိစ္စတစ်ရပ် လည်း မဖြစ်စေရ။

(၅) လွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းကို ခွင့် မပြုနိုင်သောကိစ္စတစ်ရပ်လည်းမဖြစ်စေရ။

(ခ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)ပါ စည်းကမ်းချက်များ နှင့် ညီညွတ်သည်ဟု ယူဆလျှင် -

(၁) ယင်းအဆိုကို လွှတ်တော်သို့ ဖတ်ပြရမည်။

(၂) ထိုနေ့အတွက် သတ်မှတ်ထားသော အစည်း အဝေးအစီအစဉ်ကို မွန်းလွဲသုံးနာရီခွဲအချိန် တွင် ရပ်ဆိုင်း၍ အရေးကြီးအဆိုကို ဆွေးနွေး

ရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က သဘောတူသည်ဟု မှတ်ယူ၍ အစည်းအဝေး၏ မူလအစီအစဉ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ သတ်မှတ်ရွှေ့ဆိုင်းလိုက်သည့် နေ့ရက်နှင့်အချိန်တွင် ယင်းအဆိုကို ဆွေးနွေးစေရမည်။

(ဂ) အဆိုကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် *[၁၀ မိနစ်] ထက်ပို၍ ဆွေးနွေးခြင်း မပြုရ။

**စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၆၄။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့်ရှိသည်။

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ နည်းဥပဒေ ၁၇ အရ အစားထိုးသည်။

၁၆၅။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၃ အရလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၈ အရ လည်းကောင်း၊ ပြည်ထောင်စုစာရင်းချုပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၃ အရလည်းကောင်း စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့် ရှိသည်။

၁၆၆။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ အရလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ အရလည်းကောင်း စွပ်စွဲပြစ်တင်လိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ လွှတ်တော်သို့အဆိုတစ်ရပ်အဖြစ် တင်သွင်း ဆောင်ရွက်ခွင့်ရှိသည်။

၁၆၇။ လွှတ်တော်ကိုယ်စားလှယ်များသည် နည်းဥပဒေ ၁၆၄၊ ၁၆၅ နှင့် ၁၆၆ တို့ပါ ပုဂ္ဂိုလ်များမှအပ နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်မှရုပ်သိမ်းလိုကြောင်း

တင်ပြလိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်သို့ အဆိုတစ်ရပ်အဖြစ် တင်သွင်းဆောင်ရွက်ခွင့်ရှိသည်။

**အဆိုတင်သွင်းခြင်း**

၁၆၈။(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက လွှတ်တော်သို့ အဆိုတစ်ရပ် တင်သွင်းရာတွင် -

(၁) အဆိုတင်သွင်းမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အား ဥက္ကဋ္ဌက ဖိတ်ခေါ်သောအခါ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်သည် မိမိ၏အဆိုကို ဦးစွာဖတ်ပြပြီးနောက် အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်သွင်းရမည် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြနိုင်သည်။

(၂) အဆိုကို ရှင်းလင်းတင်သွင်းပြီးနောက် ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံရမည်။ ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်သို့ အဆိုတစ်ရပ် တင်သွင်းရာတွင် -

(၁) အဆိုတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်သောအခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် မိမိ၏ အဆိုကို ဦးစွာဖတ်ပြပြီးနောက် အဆိုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်သွင်းရမည် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြနိုင်သည်။ *[အဆိုတင်သွင်းချိန် ၁၀ မိနစ်ထက် မပိုစေရ။] အဆိုကို ရှင်းလင်းတင်သွင်းပြီးလျှင် ယင်းအဆိုကို အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံရမည်။

(၂) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် အဆိုတင်သွင်းမည့်အချိန်၌ လွှတ်တော်တွင် မရှိခဲ့လျှင် ၎င်းက စာဖြင့်ရေးသားလွှဲအပ်ခြင်းခံရသော အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ထိုအဆိုကို

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၈ အရ ဖြည့်စွက်သည်။

တင်သွင်းနိုင်သည်။ ဤသို့ လွှဲအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရလျှင်သော်လည်းကောင်း ထိုအဆိုကို တင်သွင်းခြင်းမပြုသောအဆိုဟု မှတ်ယူရမည်။ ဤနည်းဥပဒေခွဲသည် နည်းဥပဒေ ၁၁၅၊ ၁၂၆၊ ၁၂၈ နှင့် ၁၆၂ မှ ၁၆၇ အထိတွင် ရည်ညွှန်းထားသော အဆိုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၃) ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့်-မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရမည်။

(၄) ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် မရှိကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာရမည်။

(၅) အဆိုတစ်ရပ်ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးမည့်ရက်ကို သတ်မှတ်ပေးပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်

မျှားရှိလျှင် မည်သည့်နေ့ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

**အဆိုတင်သွင်းရန် အစီအစဉ်**

၁၆၉။ လွှတ်တော်၌ အဆိုတစ်ရပ်ကို တင်သွင်းရာတွင် -

(က) ဥက္ကဋ္ဌက လက်ခံခွင့်ပြုသော အဆိုများအနက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပေးပို့သော အဆိုများကို ဦးစားပေးတင်သွင်းခွင့်ပြုပြီး ကျန် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများကို လက်ခံ ရရှိသည့် အစီအစဉ်အတိုင်း တင်သွင်းခွင့်ပြုရမည်။

(ခ) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး နေ့စဉ် အစီအစဉ်၌ အဆိုလေးခုထက်ပို၍ ထည့်သွင်းခြင်း မပြုရ။

**အဆိုကိုဆွေးနွေးခြင်း**

၁၇၀။ (က) ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရမည်။ *[ဆွေးနွေးရာ တွင် နည်းဥပဒေ ၃၀ ပါ သတ်မှတ်ချိန်ထက် ကျော်လွန်

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၁၉ အရ ဖြည့်စွက်သည်။

ဆွေးနွေးခြင်းမပြုရ။]

(ခ) လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆဲဖြစ်၍ မဆုံးဖြတ်ရသေးသောအဆိုကို နောက်တစ်နေ့တွင် ဆက်လက်ဆွေးနွေးရမည်။

*(ဂ) အဆိုကို ပြည်သူ့လွှတ်တော်ရုံးက ပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ၂၁ ရက်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးနိုင်ရန် ဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အဆိုတစ်ရပ် ကို တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခြင်းမပြုရ။ သို့ရာတွင် မိမိနှင့်သက်ဆိုင်သော ကိစ္စတစ်ခုကို ဖြေရှင်းလိုလျှင် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖြေရှင်းနိုင်သည်။

(င) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က လည်း ပြန်လည်ဖြေရှင်းသည့်သဘောဖြင့် နောက် တစ်ကြိမ် ဆွေးနွေးပိုင်ခွင့်ရှိသည်။

(စ) အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ဆွေးနွေးပြီးနောက် သက်ဆိုင်ရာ

---

* ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂၀ အရ အစားထိုးသည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်သည့် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီးသည်ဖြစ်စေ၊ မဆွေးနွေးရ သေးသည်ဖြစ်စေ ပြန်ကြားဆွေးနွေးခွင့်ရှိသည်။

**အဆိုကို ရုပ်သိမ်းခြင်း**

၁၇၁။ လွှတ်တော်အစည်းအဝေးတွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်း ထားသော အဆိုတစ်ရပ်ကို လွှတ်တော်၏ခွင့်ပြုချက် မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

(ခ) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းထားသောအဆိုကို ရုပ်သိမ်းရန် ခွင့် တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

**အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း**

၁၇၂။ အဆိုတစ်ရပ်ကို အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော်တွင် ဆန္ဒရယူရာ၌ -

(က) အဆိုတစ်ရပ်ကို လွှတ်တော်တွင် တင်သွင်းဆွေးနွေး နေစဉ် ဆွေးနွေးခြင်းကိုရပ်စဲ၍ လွှတ်တော်၏ဆန္ဒ ရယူရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌ အား တောင်းဆိုနိုင်သည်။ ယင်းအဆိုကို လုံလောက်စွာ

ဆွေးနွေးပြီးဖြစ်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင် အဆို တင်သွင်းသူနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်မချေပရသေးပါက ချေပစေပြီး ဥက္ကဋ္ဌသည် ဆွေးနွေးခြင်းကို ရပ်စဲ၍ လွှတ်တော်၏ ဆန္ဒရယူရမည်။

(ခ) အချက်ပေါင်းများစွာ ပါဝင်သော အဆိုတစ်ရပ်ကို ဆန္ဒရယူသောအခါ ဥက္ကဋ္ဌသည် မိမိ၏ သဘောအရ အဆိုကို ပိုင်း၍သော်လည်းကောင်း၊ အချက်တစ်ခုစီ ခွဲခြား၍သော်လည်းကောင်း ဆန္ဒရယူနိုင်သည်။

၁၇၃။ လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသော အဆို၏မိတ္တူ တစ်စောင်စီကို ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

**ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း**

၁၇၄။ လွှတ်တော်သို့ တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ပြုလုပ်လိုလျှင် အောက်ပါပုဂ္ဂိုလ်များက ပြင်ဆင်ချက် ကို လွှတ်တော်သို့ တင်သွင်းနိုင်သည် -

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအား ကိုယ်စားပြုသည့်ပုဂ္ဂိုလ်တစ်ဦးဦး။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး။

၁၇၅။ နည်းဥပဒေ ၁၇၄ ပါ ပုဂ္ဂိုလ်တစ်ဦးဦးက ပြင်ဆင်ချက်အဆိုတင်သွင်းရာတွင် -

(က) ယင်းပြင်ဆင်ချက်ကို ဆွေးနွေးမည့်နေ့ရက် မတိုင်မီ အနည်းဆုံး ၃ ရက်ကြိုတင်၍ ပေးပို့ရမည်။

(ခ) ဥက္ကဋ္ဌက သင့်လျော်သည်ဟုယူဆပါက နည်းဥပဒေခွဲ (က)ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့နိုင်သည်။

၁၇၆။ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များမှာ -

(က) အဆိုတွင်ပါရှိသောကိစ္စနှင့်သက်ဆိုင်သည့် ပြင်ဆင်ချက်ဖြစ်ရမည့်အပြင် ထိုကိစ္စ၏ သဘောတွင်လည်း အကျုံးဝင်သော ပြင်ဆင်ချက်ဖြစ်ရမည်။

(ခ) အဆိုနှင့်ဆန့်ကျင်သော သဘောသက်ရောက်သည့် ပြင်ဆင်ချက်မဖြစ်စေရ။

(ဂ) အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်သည့် ပြင်ဆင်ချက်မဖြစ်စေရ။

(ဃ) သိမ်ဖျင်းသော ပြင်ဆင်ချက်မဖြစ်စေရ။

(င) အဆို၏ အစိတ်အပိုင်းတစ်ခုနှင့် သက်ဆိုင်သော ပြင်ဆင်ချက်ကို ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး

သောအခါ ထိုအစိတ်အပိုင်းထက် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ခြင်းမဖြစ်စေရ။ သို့ရာတွင် ဥက္ကဋ္ဌက တင်ပြပြီးသော ပြင်ဆင်ချက်ကို ရုပ်သိမ်းခဲ့လျှင် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ရန် အဆိုတင်သွင်းနိုင်သည်။

(စ) ပြင်ဆင်ချက်အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသောကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စများ မပါရှိစေရ။

**ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းခြင်း**

၁၇၇။ လွှတ်တော်အစည်းအဝေးတွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော ပြင်ဆင်ချက်အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

(ခ) ပြင်ဆင်ချက်အဆို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းသော ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းရန်ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

**ပြင်ဆင်ချက် အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၇၈။ ပြင်ဆင်ချက် အဆိုနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည် -

(က) မူလအဆိုနှင့် ပြင်ဆင်ချက်အဆိုတို့ကို ဖတ်ပြရမည်။

(ခ) ဆွေးနွေးချက်အားလုံးကို ပြီးပြတ်အောင် ပြုလုပ်ရမည်။

(ဂ) ပြင်ဆင်ချက်အဆိုကို အဆုံးအဖြတ် ပေးနိုင်ရန် လွှတ်တော်၏ ဆန္ဒရယူရာတွင် နည်းဥပဒေ ၁၇၂ နှင့် အညီဆောင်ရွက်ရမည်။

## အခန်း (၁၈)

## လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်းများ

**ဥပဒေကြမ်းပေးပို့ခြင်း**

၁၇၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁ ပါ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြပါကိစ္စရပ်များအနက် ပြည်ထောင်စု လွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို ဥပဒေနှင့်အညီ လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

၁၈၀။ လွှတ်တော်သို့ ဥပဒေကြမ်းများပေးပို့ခြင်းနှင့် စပ်လျဉ်း၍ -

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးပို့နိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များသည် နည်းဥပဒေ ၁၇၉ အရ တင်သွင်းခွင့်ရှိသော ဥပဒေကြမ်းများကို လွှတ်တော်တွင် စတင်ဆွေးနွေးရန် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးပို့နိုင်သည်။

(ဂ) ယင်းသို့ပေးပို့ရာတွင် ဥပဒေကြမ်း တင်သွင်းခွင့်ရှိသူများသည် ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်တို့နှင့်အတူ မိတ္တူ ၃ စောင်ပြုစု၍ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၁၈၁။ နည်းဥပဒေ ၁၈၀ အရ ဥပဒေကြမ်းတစ်ရပ် ပေးပို့ရာတွင် -

(က) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ ပေးပို့ရမည်။

(ခ) သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်း မရှိသော်လည်း လုံလောက်သော အကြောင်းရှိသည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

**ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း**

၁၈၂။ ဥက္ကဋ္ဌသည် -

(က) ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းကို စိစစ်ရန် ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးရမည်။ ယင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်က ပေးပို့သော ဥပဒေကြမ်းကို-

(၁) လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

(၂) လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်-မသင့် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူရမည်။

(၃) လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လျှင် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ရမည်။

(၄) လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ယင်းဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာရမည်။

**ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း**

***၁၈၃။** လွှတ်တော်ကိုယ်စားလှယ်က ပေးပို့သော ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်ကဆုံးဖြတ်ပါက ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများ လေ့လာအကြံပြုနိုင်ရန် ထုတ်ပြန်ကြေညာခြင်းတို့ကို ပြုရမည်။

**ဥပဒေကြမ်းတင်သွင်းခြင်း**

၁၈၄။ လွှတ်တော်တွင် ဥပဒေကြမ်းများကို တင်သွင်းရာ၌ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်က ပေးပို့ထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော ဥပဒေကြမ်း၊

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂၁ အရ အစားထိုးသည်။

(ခ) လွှတ်တော်၏ သဘောထားရယူရန် အမျိုးသားလွှတ်တော်က ပေးပို့လာသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်း၊

(ဂ) ဥပဒေကြမ်းကော်မတီက စိစစ်ပြီးသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်း၊

(ဃ) လွှတ်တော်က ပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း၊

(င) လွှတ်တော်၏ သဘောထားရယူရန် အမျိုးသားလွှတ်တော်က ပေးပို့လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်း၊

(စ) ဥပဒေကြမ်းကော်မတီက စိစစ်ပြီးသော လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်း။

**ခြွင်းချက်။** သို့ရာတွင် အရေးတကြီးပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်နှင့်အတူ တင်သွင်းလာလျှင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု

ထင်မြင်သည့်အတိုင်း ဦးစားပေးအစီအစဉ် သတ်မှတ်နိုင်သည်။

၁၈၅။ ဥပဒေကြမ်းတင်သွင်းရာတွင် -

(က) ဥပဒေကြမ်းကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အားလည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း လွှတ်တော်သို့ တင်သွင်းစေရမည်။

(ခ) ဥပဒေကြမ်းကို နည်းဥပဒေခွဲ(က)ပါအတိုင်း တင်သွင်းပြီးနောက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ယင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးအား ဖတ်ကြားရှင်းလင်းစေရမည်။

**ဥပဒေကြမ်းကို ဆွေးနွေးခြင်း**

၁၈၆။ နည်းဥပဒေ ၁၈၅ အရ ဥပဒေကြမ်းတင်သွင်းပြီးပါက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

၁၈၇။ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်နှင့်အချိန်တွင် ဆွေးနွေးရမည်။

၁၈၈။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် -

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ ပြင်ဆင်ချက်အဆို တင်သွင်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ တင်သွင်းမည့် ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်း ဆွေးနွေးမည့်ရက်မတိုင်မီ ရုံးပိတ်ရက်များမပါ ၃ ရက် ကြိုတင်ပေးပို့ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု ယူဆပါက ရက်ကန့်သတ်ချက်ကို လျှော့ပေါ့နိုင်သည်။

(ဂ) ပြင်ဆင်ချက်များကို ဆွေးနွေးစဉ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ထိုပြင်ဆင်ချက်များမှာ ပြဋ္ဌာန်းမည့်ဥပဒေနှင့်ညီ-မညီ ဆွေးနွေးလိုပါက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဆွေးနွေးနိုင်သည်။

(ဃ) ဥက္ကဋ္ဌက အခြားနည်းဖြင့် ဆုံးဖြတ်ခြင်းမရှိလျှင် ပြင်ဆင်ချက်များကို ဥပဒေကြမ်း၏ သက်ဆိုင်ရာ

အပိုဒ်အစဉ်လိုက် ဆွေးနွေးရမည်။

၁၈၉။ ဥပဒေကြမ်းတစ်ရပ်ကို ဆွေးနွေးရာတွင် -

(က) ပြင်ဆင်ချက်တစ်စုံတစ်ရာ မပြုလုပ်လျှင် လွှတ်တော်၌ ဆွေးနွေးပြီးသည်နှင့် ဥပဒေကြမ်း တင်သွင်းသည့် ပုဂ္ဂိုလ်သည် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းနိုင်သည်။

(ခ) ပြင်ဆင်ချက် တစ်စုံတစ်ရာပြုလုပ်လျှင် ယင်းပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ထိုနေ့တွင်ပင် အတည်ပြုရန်အဆို တင်သွင်းခြင်းမပြုရ။ ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင်သာ ယင်းအဆိုကို တင်သွင်းရမည်။

(ဂ) ဥပဒေကြမ်းကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန်အဆိုကို ဆွေးနွေးနေစဉ် ဥပဒေကြမ်းကို ပြင်ဆင်လိုက်သည့်အတွက် လိုအပ်သော အခြားပြင်ဆင်ချက်များ သို့မဟုတ် အသုံးအနှုန်း ဆီလျော်ညီညွတ်စေရန် ပြင်ဆင်သော အချက်များမှအပ အခြားပြင်ဆင်ချက်များကို တင်သွင်းခြင်းမပြုရ။

(ဃ) ဥပဒေကြမ်းကို အတည်ပြုရန်အဆို သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်မှာ ဥပဒေကြမ်း ကို ထောက်ခံသော အကြောင်းပြချက်များ သို့မဟုတ် ဥပဒေကြမ်းကိုပယ်ရန် အကြောင်းပြချက်များသာ ဖြစ်ရမည်။ ယင်းအကြောင်းပြချက်များကို ရှင်းလင်း စေရန်မှတစ်ပါး ဥပဒေကြမ်း၏ အသေးစိတ်ကို ထည့်သွင်းပြောဆိုခြင်း မပြုရ။

(င) လွှတ်တော်တွင် ဆွေးနွေးဆဲ ဥပဒေကြမ်းတစ်ရပ် သည် မည်သည့်အဆင့်တွင် ရောက်ရှိနေစေကာမူ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဥပဒေကြမ်း ဆွေးနွေး ခြင်းကို ရွှေ့ဆိုင်းရန်အဆို တင်သွင်းနိုင်သည်။

၁၉၀။ ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုရန် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရာ၌ ဥက္ကဋ္ဌသည်-

(က) ဥပဒေကြမ်း တစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း တစ်ပိုဒ်ချင်းစီ လွှတ်တော်သို့ တင်ပြရမည်။

(ခ) အပိုဒ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များကို ဆွေးနွေး ပြီးနောက် လွှတ်တော်က ဆုံးဖြတ်ချက်ချမှတ်ပြီး

သောအခါ "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသော အပိုဒ်သည်" ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) လွှတ်တော်က သဘောတူပါက "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသော အပိုဒ်သည်" ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာရမည်။

(ဃ) ဥပဒေကြမ်းတစ်ရပ် သို့မဟုတ် ဥပဒေကြမ်းတစ်ရပ်၏ အစိတ်အပိုင်းကို လွှတ်တော်သို့ တစ်ပိုဒ်ချင်းစီတင်ပြရန်မလိုဟု သဘောရပါက ဥပဒေကြမ်းတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

**အမျိုးသားလွှတ်တော်သို့ ပေးပို့ခြင်း**

၁၉၁။ ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုပြီးသောအခါ အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန် ဥပဒေကြမ်း၏မိတ္တူတစ်စောင်ကို ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ ပြန်လည်ပေးပို့သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၂။ လွှတ်တော်က အတည်ပြုပြီးပေးပို့သော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ပြန်လည်ပေးပို့လာလျှင်-

(က) ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ အသိပေးတင်ပြရမည်။

(ခ) ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

(ဂ) ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်နှစ်ရပ်လုံး၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(ဂ)အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၃။ လွှတ်တော်က အတည်ပြုပြီးပေးပို့သော ဥပဒေကြမ်း တစ်ရပ်ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာလျှင်-

(က) ဥက္ကဋ္ဌသည် ထိုပြင်ဆင်ချက်များရရှိကြောင်း လွှတ်တော် သို့ အသိပေးပြီးလျှင် ပြင်ဆင်ချက်များ၏ မိတ္တူများ ကို ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က လွှတ်တော်ကိုယ်စားလှယ်များအား ဆောလျင်စွာ ဝေငှရမည်။

(ခ) ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် ပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုတင်သွင်းလို ကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဆွေးနွေးမည့်ရက်မတိုင်မီ ၃ ရက်ကြိုတင်၍ ပြည်သူ့ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့နိုင် သည်။

(ဂ) ဥက္ကဋ္ဌသည် အဆိုကို နည်းဥပဒေခွဲ(ခ)အရ အကြောင်း ကြားစာဖြင့်ဖြစ်စေ၊ သင့်လျော်သည်ဟုယူဆလျှင်

အကြောင်းကြားစာ မပေးပို့ဘဲဖြစ်စေ တင်သွင်းခွင့်ပြုနိုင်သည်။

(ဃ) ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆွေးနွေးရန်အဆို အတည်ဖြစ်လျှင် ယင်းပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြရမည်။

(င) အမျိုးသားလွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆီလျော်ညီညွတ်စေရန် ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ထိုပြင်ဆင်ချက်၏ အကြောင်းရပ်များနှင့် သက်ဆိုင်သော ပြင်ဆင်ချက် ပြုလုပ်ခြင်းမှတစ်ပါး နောက်ထပ်ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းမပြုရ။

**အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို သဘောတူခြင်း**

၁၉၄။ လွှတ်တော်က အတည်ပြုပြီး ပေးပို့သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းကို -

(က) နည်းဥပဒေ ၁၉၃ အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က သဘောတူလက်ခံကြောင်း

ဆုံးဖြတ်လျှင် ထိုသို့ သဘောတူလက်ခံကြောင်း ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သို့ ပြန်ကြားရမည်။

(ခ) ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

(ဂ) အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့်အတိုင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို ဥက္ကဋ္ဌက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(ဂ)အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို သဘောမတူခြင်း**

၁၉၅။ လွှတ်တော်က အတည်ပြုပြီး ပေးပို့သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းကို -

(က) နည်းဥပဒေ ၁၉၃ အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်

များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဆောလျင်စွာ အဆိုတင်သွင်း၍ ထိုသို့သဘောကွဲလွဲကြောင်း ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် လွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်းမူရင်းနှင့် အမျိုးသားလွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ပူးတွဲပေးပို့ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၆။ လွှတ်တော်က အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားလာလျှင် ယင်းပြန်ကြားချက် ရရှိကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးရမည်။

၁၉၇။ (က) နည်းဥပဒေ ၁၉၆ အရ လွှတ်တော်သို့ အသိပေးပြီးနောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ အမျိုးသားလွှတ်တော်က သဘောမတူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ကြောင်း ဆောလျင်စွာ အဆိုတင်သွင်း၍ ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ယင်းသို့တင်ပြရာတွင် မူလဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားချက်ကို ပူးတွဲပေးပို့တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

## အခန်း (၁၉)

## အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်း

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဆောင်ရွက်ခြင်း**

၁၉၈။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်းကို လွှတ်တော်ကရရှိလျှင်-

(က) ဥက္ကဋ္ဌသည် ယင်းသို့ရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဆောလျင်စွာ ဝေငှစေရမည်။

(ခ) ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌက တာဝန်ပေးအပ်သူသည် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်။

(ဂ) ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေကြမ်းကို ဆွေးနွေးရန်အဆို တင်သွင်းလိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဆွေးနွေးမည့်နေ့ရက်မတိုင်မီ ရုံးပိတ်ရက်များမပါ ၃ ရက်ကြိုတင်၍ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌက သင့်လျော်သည်ဟု ထင်မြင်ယူဆပါက နည်းဥပဒေခွဲ(ဂ)ပါ ရက်ကန့်သတ်ချက်ကို လျှော့

ပေါ့၍ ဥပဒေကြမ်းကို ဆွေးနွေးရန်အဆိုအား တင်သွင်းခွင့် ပြုနိုင်သည်။

(င) ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုအတည်ဖြစ်သော အခါ လိုက်နာရမည့်နည်းလမ်းမှာ လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းသော နည်းလမ်း အတိုင်းဖြစ်သည်။

၁၉၉။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြု ပြီးသောဥပဒေကြမ်းကို လွှတ်တော်သည် ပြင်ဆင်ချက်များ မပြု လုပ်ဘဲ သဘောတူလျှင် ထိုသို့သဘောတူကြောင်းကို အမျိုးသား လွှတ်တော်သို့ ပြန်ကြားရမည်။

၂၀၀။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြု ပြီးသောဥပဒေကြမ်းကို လွှတ်တော်က သဘောမတူလျှင် ထိုသို့ သဘောမတူကြောင်းကို အမျိုးသားလွှတ်တော်သို့ ပြန်ကြားရမည်။ ပြင်ဆင်ချက်များဖြင့် သဘောတူလျှင် ယင်းသို့ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အကြောင်းကြားစာနှင့်တကွ ပြင်ဆင်ချက် မိတ္တူတစ်စောင်ကိုပါ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ ရမည်။

## အခန်း (၂၀)

## နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လွှတ်တော်သို့ တင်ပြခြင်း

၂၀၁။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေအရပြု သည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ် ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေး ကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ထံ ဖြန့်ဝေတင်ပြရမည်။

၂၀၂။ နည်းဥပဒေ ၂၀၁ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေ များ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ယင်းသို့ အဆိုတင်သွင်း ခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်။

၂၀၃။ နည်းဥပဒေ ၂၀၁ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက နည်းဥပဒေ ၁၉၅ နှင့် ၁၉၇ တို့အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၂၀၄။ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းလျှင် နည်းဥပဒေ ၁၈၆ မှ ၁၉၀ အထိပါရှိသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂၁)

## နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဆက်သွယ်ရေး

### နိုင်ငံတော်သမ္မတက လွှတ်တော်နှင့် ဆက်သွယ်ခြင်း

၂၀၅။ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း သို့မဟုတ် သဝဏ်လွှာပေးပို့လိုကြောင်း သို့မဟုတ် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးအား လွှတ်တော်တွင် ရှင်းလင်းတင်ပြစေလိုကြောင်း အကြောင်းကြားသည့်အခါ ဥက္ကဋ္ဌသည် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

**လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဆက်သွယ်ခြင်း**

၂၀၆။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းတစ်နည်းနည်းဖြင့် အကြောင်းကြားနိုင်သည်-

(က) လွှတ်တော်တွင် အဆိုတစ်ရပ်တင်သွင်း အတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း။

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ခြင်း။

## အခန်း (၂၂)

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၂၀၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀၈။ မိမိအား ပေးအပ်ထားသောတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်း မရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့ များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်း ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၂၃)

## ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း

၂၀၉။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒ နယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာနယ်မြေဒေသရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုများ ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ပြုသည်။

*၂၁၀။ x x x x x x x x x

၂၁၁။ ဥက္ကဋ္ဌသည် ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၂၁၂။ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီသည် ဥက္ကဋ္ဌက ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁၃။ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီသည် သက်ဆိုင်ရာ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြားလုပ်ငန်းများကို ကော်မတီ၏သဘောတူညီချက်ဖြင့်သာ သုံးစွဲရမည်။

## **အခန်း (၂၄)**

## **အထွေထွေ**

*၂၁၄။ လွှတ်တော်သက်တမ်း တစ်ရပ်ရပ်အတွက် လွှတ်တော် အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ နည်းဥပဒေ ၈၇ ပါ

---

*၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂၂ အရ ပယ်ဖျက်သည်။

*၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂၃ အရ အစားထိုးသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တာဝန်ယူဆောင်ရွက်ရမည်။

၂၁၅။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌက သတ်မှတ်သည့်အစီအစဉ်အတိုင်း လွှတ်တော်အစည်း အဝေးခန်းမအတွင်း၌ နေရာချထားရမည်။

၂၁၆။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သောပုဂ္ဂိုလ်များ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် လွှတ်တော်အစည်းအဝေးခန်းမတွင် သီးသန့်နေရာသတ်မှတ်ပေးရမည်။

*၂၁၇။(က) လွှတ်တော်သို့ လာရောက်လေ့လာလိုသူသည် ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ဥက္ကဋ္ဌထံ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) လွှတ်တော်သို့ လေ့လာလိုသော ပြည်သူများအား လွှတ်တော်ကိုယ်စားလှယ်က ဖိတ်ကြားလိုလျှင် ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဖိတ်ကြားရမည်။

---

*၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၂၄ အရအစားထိုးသည်။

(ဂ) လွှတ်တော်သို့ လာရောက်လေ့လာသောပုဂ္ဂိုလ်များသည် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရမည်။ လိုက်နာခြင်းမရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်ဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၂၁၈။ လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပမည်ဟု ဥက္ကဋ္ဌက ကြေညာလျှင် ဥက္ကဋ္ဌက ခွင့်ပြုထားသူများမှအပ ကျန်ပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမမှ ထွက်ခွာပေးရမည်။

၂၁၉။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်သို့မဟုတ် ဖိတ်ကြားချက်အရ အစည်းအဝေးသို့ တက်ရောက်နေသောပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၂၀။ လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်နေသည့် အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာကော်မတီ၊

ကော်မရှင် သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌမှတစ်ဆင့် ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၂၁။ လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့ အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားကို ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

၂၂၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများ၏ လုပ်ငန်းတာဝန်များသည် ဥက္ကဋ္ဌက သတ်မှတ်ပေးသည့်အတိုင်း ဖြစ်သည်။

၂၂၃။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့နှင့်လည်းကောင်း ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၂၂၄။ ပြည်သူ့လွှတ်တော်ရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအပါအဝင် *[x x x] ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရုံးများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်သည်။ ထိုသို့

---

* ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နည်းဥပဒေ ၆ အရ စကားရပ်ပယ်ဖျက်သည်။

ဆက်သွယ်ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ရုံးအဖွဲ့မှူးနှင့် ရုံးအဖွဲ့မှူးထက် အဆင့်မြင့်သော ပုဂ္ဂိုလ်တစ်ဦးဦးက ဆက်သွယ်ဆောင်ရွက်ရမည်။

၂၂၅။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ် ၅/၂၀၁၀)ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)
သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

နောက်ဆက်တွဲ(က)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်/သဘာပတိ ကတိသစ္စာပြုချက်

[နည်းဥပဒေ ၅ (ဂ) နှင့် ၉ (က)]

"ကျွန်ုပ် .................သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်/သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

နောက်ဆက်တွဲ (ခ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုချက်

[နည်းဥပဒေ ၁၄]

"ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် .................. သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

## စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်း

[နည်းဥပဒေ ၈ (က)၊ ၁၉ (တ) (၁)]

၁။ လွှတ်တော်တွင် သဘာပတိတင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းခြင်း၊ အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော် သို့တင်သွင်းသော အခြားအကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့အတွက် လွှတ်တော် ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့် နည်းလမ်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အခမ်းအနားမှူး သို့မဟုတ် သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌက ဆန္ဒမဲပေးရန် အသင့်ရှိစေလိုကြောင်း ကြေညာပြီးနောက် အစည်းအဝေးခန်းမ မျက်နှာစာရှိ အစိမ်းရောင်အချက်ပြ မီးတန်းလင်းလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေးကိရိယာ ကို အသုံးပြု၍ ဆန္ဒမဲပေးရမည်။

(ခ) ယင်းသို့ ဆန္ဒမဲပေးရာ၌ လွှတ်တော်ကိုယ်စားလှယ် များ၏ စားပွဲတွင်ထားရှိသော အစိမ်းရောင်၊ အနီရောင်၊

အဝါရောင် ခလုတ်သုံးခုအနက်-

(၁) ထောက်ခံဆန္ဒမဲပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမည်။

(၂) ကန့်ကွက်ဆန္ဒမဲပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမည်။

(၃) ကြားနေဆန္ဒမဲပေးလိုလျှင် အဝါရောင်ခလုတ်ကို နှိပ်ရမည်။

(ဂ) ဆန္ဒမဲပေးရန် အစိမ်းရောင်အချက်ပြမီးတန်း မမှိတ်မီ ဆန္ဒမဲပေးခလုတ်ကို နှိပ်ရမည်။ မှားယွင်းနှိပ်မိ၍ ပြင်ဆင်လိုပါက မိမိနှိပ်လိုသည့်ခလုတ်ကို ပြင်ဆင်နှိပ်နိုင်သည်။ စက္ကန့် ၃၀ အတွင်း အစိမ်းရောင်အချက်ပြမီးတန်း မမှိတ်မီ နောက်ဆုံးနှိပ်သောခလုတ်သည် ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်သည်။

(ဃ) ခလုတ်တစ်ခုတည်းကို နှစ်ကြိမ်နှိပ်လျှင် ဆန္ဒမဲပေးခြင်း ပျက်ပြယ်မည်။

၂။ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသော လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော အရာရှိတစ်ဦးကို ကြီးကြပ်သူအရာရှိအဖြစ် တာဝန်ထမ်းဆောင်စေရ

မည်။ ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် လွှတ်တော်ရုံးမှအရာရှိတစ်ဦးအား တာဝန်ပေးအပ်ရမည်။

၃။ စက်ဖြင့် ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးပြီးတိုင်း လွှတ်တော်ကိုယ်စားလှယ်များပေးသောအောက်ပါဆန္ဒမဲအရေအတွက်ကို စက်မှခွဲခြားရေတွက်ပြီး ဆန္ဒမဲစာရင်းဖော်ပြသည့်ကိရိယာတွင် ကိန်းဂဏန်းဖြင့် ဖော်ပြရမည်-

(က) ဆန္ဒမဲပေးခွင့်ရှိသူပေါင်း၊

(ခ) ထောက်ခံဆန္ဒမဲပေါင်း၊

(ဂ) ကန့်ကွက်ဆန္ဒမဲပေါင်း၊

(ဃ) ကြားနေဆန္ဒမဲပေါင်း၊

(င) ဆန္ဒမဲအရေအတွက်စုစုပေါင်း။

၄။ သဘာပတိတင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းများအတွက် ဆန္ဒမဲပေးရာ၌ မိမိထောက်ခံလိုသည့် ပုဂ္ဂိုလ်တစ်ဦးအား အစိမ်းရောင်ခလုတ်နှိပ်၍ထောက်ခံဆန္ဒမဲပေးပြီးလျှင် အခြားယှဉ်ပြိုင်အရွေးခံသည့် ပုဂ္ဂိုလ်တစ်ဦးအား ထပ်မံ၍ ထောက်ခံဆန္ဒမဲပေးခြင်း မပြုနိုင်ရန် စက်ခန်းက လိုအပ်သလိုဆောင်ရွက်ထားရမည်။

နောက်ဆက်တွဲ (ဃ)

## မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း

[နည်းဥပဒေ ၁၉ (တ)(၃)၊ ၈၄ (က)]

လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့ တင်သွင်းသော အခြားအကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းကို အသုံးပြုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥက္ကဋ္ဌသည် အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြောင်မဲပေးစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါက အကျိုးအကြောင်း ရှင်းလင်းဖော်ပြ၍ သဘောတူသူများအား မိမိနေရာများတွင် မတ်တတ်ရပ်ပြရန် ညွှန်ကြားရမည်။ ထက်ဝက်ကျော်က သဘောတူလျှင် လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ဥပဒေကြမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အဆိုတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လွှတ်တော်မှ လက်ခံစဉ်းစားပေးပါရန် အဆိုတစ်ရပ်တင်သွင်းသည့်အခါ ယင်းအဆို

နှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိပါက ဆွေးနွေးရန် နည်းလမ်းကို လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်လျှင် ခွင့်ပြုရန် သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန် ဥက္ကဋ္ဌက ညွှန်ကြားရမည်။ အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် ၇၅ ဦးနှင့်အထက်ဖြစ်လျှင် ခွင့်ပြုသည်ဟုလည်းကောင်း၊ ၇၅ ဦး မပြည့်လျှင် ခွင့်မပြုဟုလည်းကောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာရမည်။

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်

## *သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ လောင်းအမည်စာရင်း တင်သွင်းလွှာ

[နည်းဥပဒေ ၇ (ခ)၊ ၁၀ (က)နှင့် ၁၃ (ခ)]

**ရက်စွဲ ——————**

၁။ အမည်စာရင်းတင်သွင်းခံရသူအမည် -------------------------------
မဲဆန္ဒနယ် /တပ်မတော်ကိုယ်စားလှယ် -------------------------------
လက်မှတ် -------------------------------

၂။ အမည်စာရင်းတင်သွင်းသူအမည် -------------------------------
မဲဆန္ဒနယ် /တပ်မတော်ကိုယ်စားလှယ် -------------------------------
လက်မှတ် -------------------------------

၃။ ထောက်ခံသူအမည် -------------------------------
မဲဆန္ဒနယ် /တပ်မတော်ကိုယ်စားလှယ် -------------------------------
လက်မှတ် -------------------------------

မိမိအမည်စာရင်း တင်သွင်းခံရသူသည် * သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရပါက * သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ အဖြစ် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ပါသည်။

လက်မှတ် ------------------------
အမည် ------------------------
မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ် ------------------------

* မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
## *သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ လောင်းအမည်စာရင်း တင်သွင်းလွှာ ထုတ်ယူရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ

[နည်းဥပဒေ ၇ (ခ)၊ ၁၀ (က)နှင့် ၁၃ (ခ)]

**ရက်စွဲ ----------------------**

| အမှတ်စဉ် | အမည်စာရင်း တင်သွင်းလွှာ ထုတ်ယူသူအမည် | မဲဆန္ဒနယ်/ တပ်မတော် ကိုယ်စားလှယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ၅။ | | | | |
| ၆။ | | | | |
| ၇။ | | | | |
| ၈။ | | | | |
| ၉။ | | | | |
| ၁၀။ | | | | |

* မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
## *သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ လောင်းအမည်စာရင်း ကြေညာလွှာ

[နည်းဥပဒေ ၇ (င)၊ ၁၀ (င)နှင့် ၁၃ (ခ)]

**ရက်စွဲ ----------------------**

| အမှတ်စဥ် | *သဘာပတိ/ ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ လောင်းအမည် (အက္ခရာအစဥ်အလိုက်) | မဲဆန္ဒနယ်/ တပ်မတော် ကိုယ်စားလှယ် |
|---|---|---|
| ၁။ | | |
| ၂။ | | |
| ၃။ | | |
| ၄။ | | |
| ၅။ | | |
| ၆။ | | |
| ၇။ | | |
| ၈။ | | |
| ၉။ | | |
| ၁၀။ | | |

မှန်ကန်ကြောင်းအတည်ပြုသည်။

ကြီးကြပ်သူအရာရှိ

လက်မှတ် ------------------

အမည် ------------------

ရာထူး ------------------

ဌာန ------------------

* အခမ်းအနားမှူး/ သဘာပတိ

လက်မှတ် ---------------

အမည် ---------------

*မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
## *သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ လောင်းတစ်ဦးချင်းအား ဆန္ဒမဲပေးမှုအခြေအနေ ဖော်ပြသည့်ပုံစံ

[နည်းဥပဒေ ၈ (ခ)(၁)၊ ၁၂ (ခ)(၁) နှင့် ၁၃ (ခ)]

**ရက်စွဲ ---------------------**

အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ (        )

| အမှတ်စဉ် | *သဘာပတိ/ ဥက္ကဋ္ဌ/ ဒုတိယ ဥက္ကဋ္ဌ လောင်းအမည် (အက္ခရာအစဉ် အလိုက်) | ထောက်ခံ ဆန္ဒမဲ အရေအတွက် | ကန့်ကွက် ဆန္ဒမဲ အရေအတွက် | ကြားနေ ဆန္ဒမဲ အရေအတွက် | ဆန္ဒမဲ မပေးသူ အရေအတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |
| ၆။ | | | | | | |
| ၇။ | | | | | | |
| ၈။ | | | | | | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |

မှန်ကန်ကြောင်းအတည်ပြုသည်။

ကြီးကြပ်သူအရာရှိ
လက်မှတ် ------------------
အမည် ------------------
ရာထူး ------------------
ဌာန ------------------

*အခမ်းအနားမှူး/ သဘာပတိ
လက်မှတ် ------------------
အမည် ------------------

* မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ပုံစံ(၅)

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# *သဘာပတိ/ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌ လောင်းတစ်ဦးချင်းရရှိသော ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်း

[နည်းဥပဒေ ၈ (ခ)(၄)၊ ၁၂ (ခ)(၄) နှင့် ၁၃ (ခ)]

**ရက်စွဲ ---------------**

| အမှတ်စဥ် | *သဘာပတိ/ ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ လောင်းအမည် | ရရှိသည့် ထောက်ခံမဲ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |
| ၄။ | | | |
| ၅။ | | | |
| ၆။ | | | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |

မှန်ကန်ကြောင်းအတည်ပြုသည်။

ကြီးကြပ်သူအရာရှိ
လက်မှတ် ------------------
အမည် ------------------
ရာထူး ------------------
ဌာန ------------------

* အခမ်းအနားမှူး/သဘာပတိ
လက်မှတ် ------------------
အမည် ------------------

*မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ရုံးတံဆိပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# *ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးမှုအခြေအနေကို မှတ်တမ်းတင်ရန်ပုံစံ

[နည်းဥပဒေ ၁၁၈ (က)၊ ၁၂၆ နှင့် ၁၂၈ (င) (၁)]

**ရက်စွဲ ------------------**

ရွေးကောက်တင်မြှောက်ပြီးသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (        ) ဦး

ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ (        ) ဦး

အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ (        ) ဦး

အဆိုအတည်ဖြစ်ရန် အနည်းဆုံးရရှိရမည့် ထောက်ခံဆန္ဒမဲအရေအတွက် (        ) မဲ

| | | |
|---|---|---|
| ၁။ | ထောက်ခံဆန္ဒမဲအရေအတွက် | (        ) |
| ၂။ | ကန့်ကွက်ဆန္ဒမဲအရေအတွက် | (        ) |
| ၃။ | ကြားနေဆန္ဒမဲအရေအတွက် | (        ) |
| ၄။ | ဆန္ဒမဲမပေးသူအရေအတွက် | (        ) |
| | စုစုပေါင်း | (        ) |

မှန်ကန်ကြောင်းအတည်ပြုသည်။

| ကြီးကြပ်သူအရာရှိ | | * ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ/သဘာပတိ | |
|---|---|---|---|
| လက်မှတ် | ------------------ | လက်မှတ် | ------------------- |
| အမည် | ------------------ | အမည် | ------------------- |
| ရာထူး | ------------------ | | |
| ဌာန | ------------------ | | |

*မလိုအပ်သည်များကို ပယ်ဖျက်ရန်။